ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (23-1-2007) (၅၂၁၁)

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိ အသုံးချရန်လို ခေတ်မီတိုးတက်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်ရေး လူနေမှုအဆင့်အတန်း မြင့်မားရေး အိုင်တီအပိုင်းက အထောက်အကူပြု

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းအချက်အလက်နှင့် နည်းပညာ(အိုင်တီ)ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး သို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force)မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

"လွန်ခဲ့သော ၁၀ နှစ်ကဆိုလျှင် အသွား၊ အပြန် ခုနစ်ရက်ခန့် ကြာမည့်ခရီးသည် မြစ်ကူးတံတားကြီးများ တည်ဆောက်ကာ ကားလမ်းတွေ ဖောက်လုပ်ထားသဖြင့် ယနေ့အချိန်အခါ၌ အသွားတစ်ရက်၊ အပြန်တစ်ရက်နှင့် လျင်မြန်သွက်လက်စွာ သွားလာနိုင်ခဲ့ပြီ"

ချစ်နိုင်(စိတ်ပညာ)၏ "အိပ်မက်ခရီးကြမ်း"

(ဆောင်းပါး) စာမျက်နှာ-၃

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သတင်းအချက်အလက်နှင့် နည်းပညာ(အိုင်တီ) ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၁-၂၀၀၇
(အင်္ဂါနေ့)

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင် အရှေ့အာရှနိုင်ငံများ ပေါင်းစည်းကြိုးပမ်း

(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ တတိယအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများကို ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့တွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့ရာ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့တွင် ဇန်နဝါရီလ ၁၅ ရက်နေ့က ကျင်းပခဲ့သော ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပြီး အရှေ့အာရှ စွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာချက်စာတမ်းကို လက်မှတ်ရေးထိုးခဲ့သည်။

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြပြီး အရှေ့အာရှ အသိုင်းအဝိုင်းထူထောင်ရေး၊ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ စွမ်းအင်ကဏ္ဍ လုံခြုံဖူလုံရေး၊ ပညာရေးကဏ္ဍ အပြန်အလှန်ပူးပေါင်းကူညီရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ကိုရီးယားကျွန်းဆွယ်ကိစ္စကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး စသည်တို့နှင့် စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပေသည်။

၂၀၀၆ ခုနှစ်တွင် အရှေ့အာရှဒေသနိုင်ငံများ၏ ဂျီဒီပီသည် ၅ ရာခိုင်နှုန်းခန့်နှင့် အာဆီယံ ၁၀ နိုင်ငံ၏ ဂျီဒီပီမှာ ၆ ရာခိုင်နှုန်းခန့် အသီးသီး တိုးတက်ခဲ့ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ အာဆီယံ ၁၀ နိုင်ငံအပါအဝင် အရှေ့အာရှ ၁၆ နိုင်ငံတို့အကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ ဖူလုံရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် အရှေ့အာရှနိုင်ငံများအားလုံးက ပေါင်းစည်းညီညီ ဆက်လက်ကြိုးပမ်း သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ॥

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနေ ဦးထွန်းကြည်-ဒေါ်သီလှိုင်(ရွှေဟသ်ာသစ်ရောင်းဝယ်ရေး) မိသားစုတို့က ဦးထွန်းကြည်၏ (၆၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်၊ ပြည်တော်သာအရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြောင်းတကာဓာတ်အားခွဲရုံ ပစ္စည်းများပေးသွင်းရန် စာချုပ်ချုပ်ဆိုပွဲ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၁၈ ရက်ညပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးရုံး ဧည့်ခန်းမ၌ ကျင်းပသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် IGE Pte. Ltd.တို့၏ မြောင်းတကာ ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများပေးသွင်းရန် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် IGE Pte. Ltd မှ General Manager, Mr Lee Beng Ho က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် IGE Pte. Ltd General Manager, Mr Lee Beng Ho တို့က မြောင်းတကာဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ ပေးသွင်းရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာမဏေကျော် ဘွဲ့နှင်းသဘင် အကြိုတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

(၁၉)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော်ဘွဲ့လက်မှတ်နှင့် စာအောင်ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲများအဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် တိပိဋကယော ဆရာတော်၊ ၂၈ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ ၃ ရက်တွင် သီတဂူ အရှင်ဒေဝိန္ဒာလင်္ကာရ၊ ၄ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်သူမြတ်တို့ကမွန်းလွဲ ၂ နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ မည်သူမဆိုကြွရောက်နာယူနိုင်ကြောင်းနှင့် ဘွဲ့နှင်းသဘင်အတွက် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း- ၃၈၇၃၆၁ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၁၀) ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီဟသ်ာတ ပရဟိတကျောင်းတိုက်ကြီး၏ ပဓာနနာယက ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ (မဟာဒွါရ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မေတ္တာဝါဒီဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး မိုးညိုမြို့နယ် ကြက်ခြေနီတပ်ရင်း၊ မြို့နယ်သွေးလှူရှင်အကျိုးဆောင်အဖွဲ့မှ ကြီးမှူး၍ မိုးညိုမြို့ရှိ သွေးလှူရှင် ၅၄၀ အား (၁၀)ကြိမ်မြောက် ဂုဏ်ပြုပွဲအဖြစ် ဇန်နဝါရီ၁၇ ရက်တွင်လူပုဂ္ဂိုလ်သွေးလှူရှင်များအားမဟာသုမင်္ဂလသိဟကြေးသွန်း ဘုရားကြီး အာရုံခံတန်ဆောင်း၊ ၂၀ ရက်တွင် သံဃာတော်သွေးလှူရှင် များအား ဗုဒ္ဓမြတ်စွယ်တော်အာရုံခံ တန်ဆောင်း၌ကျင်းပခဲ့ရာ အခမ်းအနားသို့မေတ္တာဝါဒီ ဆရာတော်ကြီး ကြွရောက်ချီးမြှင့်ပြီး မိုးညိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (က-ပ)

အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်ကို လမ်းမတော်မြို့နယ် (၅) ရပ်ကွက် အထက(၂) လမ်းမတော် ကျောင်းမြေညီတွင် ပြုလုပ်ရာ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မူနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၄၃)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၀ရက်တွင် မန္တလေးတိုင်း စည်ပင် သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်လျက်ရှိသောခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ ရမည်းသင်းမြို့နယ် ရွှေမြင်တင်ကျေးရွာအကြားဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)အပိုင်းနှင့် ပေ ၃၀အကျယ် မြေသားလမ်း ဆောင်ရွက်ရန် ကျန်ရှိသည့် ရေဦးရွာနှင့် ထနောင်းကုန်းကျေးရွာကြားရှိ တစ်ကြောင်းထိုး ဖောက်လုပ်ထားသော လမ်းအပိုင်းကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

၂၀၀၇ ခုနှစ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို တာမွေမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မိမိတင်နှင့် လက်ထောက်ကျန်းမာရေးမှူး အဆင့်(၁) ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများက ပုဏ္ဏားကုန်းရပ်ကွက် အမက(၃၂)တွင် ပြုလုပ်ရာ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်မြင့်မြင့်ခင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီနှင့် လူမှုရေးအသင်းအဖွဲ့များ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၈)

အိပ်မက်ခရီးကြမ်း

ချစ်နိုင်(စိတ်ပညာ)

အိပ်မက်ခရီးကြမ်း

အိပ်မက်ခရီးကြမ်းဟုဆိုရမည်။ မထင်မှတ်သော ဘဝအတွေ့အကြုံတစ်ရပ်ဖြစ်သည်။ ကျိုင်းတုံသို့သွားမည်ဟု ရည်ရွယ်သည်။ ပျက်သည်။ မန္တလေး(မတ္တရာ၊ တကောင်းဘက်သို့ ခရီးဆက်မည် ကြံရွယ်ခဲ့သည်။) မထွက်ဖြစ်။ ခနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆင်းလိုက်ဦးမည်ဟု စီစဉ်ခဲ့သည်။ မသွားနိုင်။

တိုက်ဆိုင်ချင်တော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့သော မျက်နှာစိမ်းလူတစ်ဦးက မိမိထံသို့ရောက်လာပြီး ဖျာပုံမြို့နယ် မြင်းကကုန်းကျေးရွာမှာ ဆောက်လုပ်ထားသည့် သိန်း ၁၀၀ ကျော်တန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ အလှူရှင်ကျေနပ်အောင် တက်ရောက်အားပေးလိုက်စမ်းပါဟု တိုက်တွန်းသော စကားတစ်ခွန်းကြောင့် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် သွားခဲ့ပါသည်။ ထိုသူက မြဝတီစာပေတိုက်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ဖြန့်ချိရေးမှူးတာဝန်ထမ်းခဲ့ဖူးသူ ဦးတိုက်စိန်ဆိုသူဖြစ်၏။ မြဝတီစာပေတိုက် စတင်ထူထောင်စဉ်ကပင် ပါဝင်ခဲ့သော ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး အသက် ၇၆ နှစ်အရွယ်ရှိနေပြီ။ မြဝတီ စာပေတိုက်တွင် ၁၉၉၅ မှ ၁၉၉၇ အထိကာလ မိမိစာတည်းမှူးချုပ် လုပ်ရချိန်တွင် ထိုသူမရှိတော့ပါ။ သို့ရာတွင် မဆုံမကြုံလိုက်ရသော်လည်း စာပေတိုက်ဝန်ထမ်းဟောင်းချင်း တစ်ယောက်အပေါ်တစ်ယောက် ရဲဘော် ရဲဘက်သံယောဇဉ်တော့ရှိသည်။ ဦးတိုက်စိန်က သူ၏နှမဖြစ်သူ မြို့နယ်ဆရာဝန်ကြီး အပျိုကြီးနှင့်အတူ မုံရွာ ရွှေဘိုဘက်ရှိ ရေဦးမြို့မှာ နေသူဖြစ်၏။ ရေဦးမှရန်ကုန်သို့ ရောက်လာစဉ်၌ တိုက်တိုက်ဆိုင်ဆိုင် မိမိထံလာတွေ့ပြီး လှိုက်လှဲစွာ ကြားလူအနေနှင့် ဖိတ်ကြားတိုက်တွန်းခဲ့ခြင်းဖြစ်၏။ ရန်ကုန်နှင့် နေပြည်တော် လူးလာခေါက်တုံ့ လွန်းပြန်သွားလာနေရသော မိမိကိုတွေ့ဖြစ်အောင် လာတွေ့သူဖြစ်သဖြင့် သူ့စေတနာကို အလေးထားအပ်သည်။ သူက ဖျာပုံမြို့နယ် မြင်းကကုန်း သံလိုက်သားဖြစ်သည်။ ယခင်က မြင်းကကုန်းရွာ၊ သံလိုက်ရွာများကိုရောက်ဖို့ မဆိုထားဘိ။ အမည်ကိုပင် အမှတ်ထင်ထင် မကြားမိခဲ့ဖူးပေ။ မိမိက မြေလတ်သားဖြစ်သဖြင့် မြစ်ဝကျွန်းပေါ် ဗဟုသုတနည်း၏။

ဖျာပုံသို့

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက သူတို့ခရိုင်အတွင်းရှိ ကျေးရွာအချို့မှာ အလှူရှင် ဒေသခံများက စိတ်အားထက်သန်စွာ ဆောက်လုပ်လှူဒါန်းသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကြီးများ သပ်ရပ်ခံ့ညားစွာဖြင့် သိန်း ၆၀ ကျော်၊ သိန်း ၁၀၀ကျော် အကုန်အကျခံပြီး ဆောက်လုပ်ထားကြသဖြင့် လာရောက်ကြည့်ရှုအားပေးပါဟု ခေါ်နေသည်မှာ အတော်ကြာခဲ့ပြီ။ အခြားတာဝန်များဖြင့် မအားလပ်သောကြောင့် မရောက်နိုင်။ ယခုတော့ ရန်ကုန်မှ နေပြည်တော်သို့မသွားမီ ၂၀၀၆ ခုနှစ်ထဲမှာနှစ်မကုန်မီ မရောက် ရောက်အောင် သွားမည်ဟု စီစဉ်သည်။ ဤခရီးသည် မမျှော်လင့်ဘဲ အထမြောက်သွားလေတော့သည်။ ဤခရီးမှာ အိပ်မက်ဆန်သည်။

ဒီဇင်ဘာလ ၃၁ ရက် တနင်္ဂနွေနံနက်ခင်းတွင် ကနိရွာ သမစိတ္တ စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်မည်။

ထိုနေ့ နေ့လယ်ပိုင်း၌ အောက်ကမ်းပါးရွာ ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်မည်။ ထို့နောက် သမိန်ထောရွာနှင့် ဖျာပုံတို့သို့ ပြန်ကာ ဖျာပုံမှတစ်ဆင့် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာသို့ သွားရောက် ညအိပ်မည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်၊ တနင်္လာနေ့နံနက်မှာ မြင်းကကုန်းကျေးရွာရှိ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို တက်ရောက် အားပေးမည်။ နေ့လယ် ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမှတစ်ဆင့် ရန်ကုန်သို့ ပြန်လာမည်။ ယင်းသို့စီစဉ်ကာ မိုင် ၂၀၀ ကျော် နှစ်ရက်ခရီးတစ်ညအိပ်ထွက်ခွာကြပါသည်။

နှစ်ဟောင်းနိဂုံး

ဒီဇင်ဘာလအတွင်း ခရီးသွားခဲ့ခြင်းကို ပြန်ပြီးစာရင်းလုပ်ကြည့်သော အခါ မြို့ရွာအတော်များများ ရောက်ရှိခဲ့ကြောင်း သတိပြုမိပါသည်။

၁။ **ဒီဇင်ဘာလ ၂ရက်၊ ၃ရက်။** မော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊လက်ပံတန်း၊မင်းလှ၊ အုတ်ဖို၊ ရွှေတောင်မှာ ညအိပ်။ စာပေဟောပြောပွဲ။ ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ၁၂ရုံး ကို ထိတွေ့အားပေးကြည့်ရှုစစ်ဆေးနိုင်ခဲ့သည်။ ဆရာဒေါက်တာ ခင်မောင်ညို၊ ဆရာကောင်းသန့်တို့လည်းအတူတူ ဟောပြောရန် လိုက်ပါခဲ့သည်။

၂။ **ဒီဇင်ဘာလ ၁၈ရက်မှ ၂၀ ရက်အထိ**။ရန်ကုန်မှ စစ်တွေသို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ အောင်မင်္ဂလာ၊ ပါဒလိတ်၊ ကျောက်ဆိပ် စသောကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို လေ့လာအားပေးခဲ့ပါသည်။

၃။ **ဒီဇင်ဘာလ ၂၂ရက်မှ ၂၃ရက်အထိ။** မန္တလေးသို့ လေကြောင်းခရီးဖြင့် နေပြည်တော်မှတစ်ဆင့် သွားရောက်ကာ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး အနီးစခန်းကျေးရွာများသို့ ထိတွေ့စစ်ဆေးသည်။ ဝန်ထမ်းတက္ကသိုလ်သို့ သင်တန်းပို့ချရင်း သွားခဲ့ခြင်းဖြစ်ပါသည်။

၄။ **ဒီဇင်ဘာလ ၂၅ရက်။** ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ပင်လယ်ကမ်းခြေရှိ မီးပြရွာကျေးရွာစာကြည့်တိုက်ကို စစ်ဆေးပြီး ဆရာချစ်စံဝင်း၊ ဆရာညွန့်ဟံ(ကြူတော)တို့နှင့်အတူ စာဆိုတော်နေ့စာပေဟောပြောပွဲပြုလုပ်ခဲ့ကြသည်။ နေ့ချင်းပြန်ခရီးဖြစ်ပါသည်။

၅။ **ဒီဇင်ဘာလ ၃၀ရက်နှင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁ရက်။** ဖျာပုံခရိုင်အတွင်းရှိ ကနိရွာ၊ အောက်ကမ်းပါးရွာနှင့် မြင်းကကုန်းရွာများအထိ ခြေဆန့်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

မြေကြောကိုရှုံ့ခဲ့ပြီ

လွန်ခဲ့သော ၁၀နှစ်ကဆိုလျှင် အသွားအပြန် ခုနစ်ရက်ခန့်ကြာမည့်ခရီးသည် မြစ်ကူးတံတားကြီးများ တည်ဆောက်ကာ ကားလမ်းတွေဖောက်လုပ်ထားသဖြင့် ယနေ့အချိန်အခါ၌ အသွားတစ်ရက်၊ အပြန်တစ်ရက်နှင့် လျင်မြန်သွက်လက်စွာသွားလာနိုင်ခဲ့ပြီ။ မြစ်ကြောင်း ရေလမ်းကိုသာ အဓိကအားထားခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသ၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း၃၀ ကျော် လက်နက်ကိုင်သောင်းကျန်းသူများ အမြစ်တွယ်ကာ ရှိနေခဲ့သော ဧရာဝတီတိုင်းသည် ယခုအခါတွင်မူ တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာရေး အပြည့်အဝရှိနေကာ စီးပွားရေးများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပေပြီ။ အဘယ်ကြောင့် အရှိန်အဟုန်ကောင်းရသနည်း။ အောက်ဖော်ပြပါ မြစ်ချောင်းတူးမြောင်းများကို ပူးတွဲပါတံတားများပေါ်မှ ကျော်ဖြတ်နိုင်ခဲ့ခြင်းက အဖြေပင်ဖြစ်သည်–

၁။ လှိုင်မြစ်	**ဘုရင့်နောင်တံတား**
၂။ ဧရာဝတီမြစ်	**ဗိုလ်မြတ်ထွန်းတံတား**
၃။ ဧရာဝတီမြစ်	**မအူပင်တံတား**
၄။ သာယာဝဲချောင်း	**ကျိုက်လတ်တံတား**
၅။ ဂုံညင်းတန်းမြစ်	**ဂုံညင်းတန်းတံတား**
၆။ ဧရာဝတီမြစ်	**ဖျာပုံတံတား**
၇။ တိုးမြစ်	**ဒေးဒရဲတံတား**
၈။ ကံဘဲ့ချောင်း	**ကော့မှူးတံတား**
၉။ တွံတေးတူးမြောင်း	**တွံတေးတံတား**
၁၀။ ပန်းလှိုင်မြစ်	**ပန်းလှိုင်တံတား**

ဧရာဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများ ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာစေရေးအတွက် တိုးမြစ်ကိုဖြတ်၍ ဆောက်လုပ်ထားသည့် ဒေးဒရဲတံတားကြီးအား ဤသို့ တွေ့ရသည်။

ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရန်အတွက် တည်ဆောက်ပေးခဲ့သည့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတားကို တွေ့ရစဉ်။

ချမ်းသာချင်လျှင် လမ်းဖောက်ပါ

ဧရာဝတီတိုင်းအတွင်း ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ မြောင်းမြတံတား၊ကန်ကြီးထောင့်တံတား၊ ကျောင်းကုန်းတံတား၊ ဒါးကတံတား အစရှိသော မြစ်ကူးတံတားကြီးပေါင်းမြောက်မြားစွာကို တပ်မတော်အစိုးရက စေတနာထက်သန်စွာ စီမံချက်ချကာ ဆောက်လုပ် ခဲ့ပြီးသဖြင့် လမ်းပန်းဆက်သွယ်ရေးသည် အိပ်မက်ပမာ ထူးခြားလွယ်ကူ ကောင်းမွန်လာခဲ့သည်။ ချမ်းသာချင်လျှင် လမ်းဖောက်ပါဟူသော တရုတ်ရှေးရိုးရာဆိုရိုးစကားအတိုင်း လမ်းတွေဖောက်သဖြင့် ချမ်းသာလာပေပြီ။ တိုင်းတစ်ခုလုံး လုံခြုံအေးချမ်းအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူတို့၏ အောင်ပွဲဖြစ်သည်။တည်ဆောက်ရေးများကို အခြေခံကျကျ နည်းမှန်လမ်းမှန် စီမံနိုင်ခဲ့သည်။ ပြည်သူများ တက်ကြွစွာ ပါဝင်သည်။

ရိုးသား ကြိုးစား နိုးကြားသော ဧရာဝတီတိုင်းသားတို့သည် မြန်မာပြည်၏ စပါးကျီအဖြစ် ရပ်တည်ခဲ့ရုံမျှသာမက ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၊ ငါး၊ ပုစွန်များ၊ ကြံ၊ ဂုန်လျှော်စသည့် ထွက်ကုန်များကို ရေးကာလထက် အရေအတွက်ကော အရည်အသွေးပါ တိုးတက်ထုတ်လုပ်ဖြန့်ဝေနိုင်ပေပြီ။ ကိန်းဂဏန်းများဖြင့် သက်သေသာဓကနှင့်အတူ ဖော်ပြနေစရာ မလိုပြီ။

တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၏ အကျိုးကျေးဇူးကို ဆယ်စုနှစ်ကာလအတွင်း လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုးခြင်းဖြင့် သိသာမြင်သာသည်။ ကားလမ်းများပေါက်လာအောင် တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့သည် ညီညာစွာ အားခဲတည်ဆောက်ခဲ့ကြရပါသည်။ ချွေးသံရွှဲရွှဲဖြင့် အဆင်းရဲအပင်ပန်းခံပြီး ဖောက်လုပ်ခဲ့ကြရသည်။ မည်သည့် ပြည်ပအကူအညီ အထောက်အပံ့မှမရခဲ့၊ မယူခဲ့ချေ။ စက်ယန္တရားကြီးများ၏ ခွန်အားမျိုးလည်းမသုံးနိုင်ခဲ့ကြသေးပေ။ရိုးသားမှုနှင့် ကြိုးစားမှုကို အရင်းတည်လျက် ချွေးစက်များဖြင့်သာ မိမိတို့ခက်ခဲစွာ တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။

အိပ်မက်က တကယ်

နောင်လာနောက်သားကောင်းစားပါစေဟူသော ဖြူစင်သည့် စေတနာဖြင့် အနစ်နာခံခဲ့ကြသည်။ အိပ်မက်တံတားကြီးများသည် ချောင်းတွေ၊ မြောင်းတွေ၊မြစ်ကြီးတွေကို ဖြတ်ကျော်ပြီး ခရီးတွင်ကျယ်အောင် အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။ ဟင်္သာတ–ရန်ကုန်၊ ပုသိမ်–ရန်ကုန်၊ မြောင်းမြ–ရန်ကုန်၊ ဝါးခယ်မ–ရန်ကုန်၊ဖျာပုံ–ရန်ကုန်၊ မအူပင်–ရန်ကုန် နေ့ချင်းပြန်ကားများဖြင့် သွားလာမှုတွေ လက်တွေ့လွယ်ကူ အဆင်ပြေနေပုံမှာ ရှေးလူကြီးများ၏ အိပ်မက်စိတ်ကူးများ လက်တွေ့မျက်မြင် အကောင်အထည်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

နိုးကြားစွာ၊ ရိုးသားစွာ ကြိုးစားလျှင် အိပ်မက်များတကယ် အကောင်အထည်ပေါ်လာကြပါတကား။ ။

ဘဂ္ဂဒက်အရှေ့မြောက်ဘက်တွင် အမေရိကန်စစ်ရဟတ်ယာဉ်ပျက်ကျ ကာဘာလာမြို့တွင် ပူးတွဲစစ်ခန်းတိုက်ခိုက်ခံရ တစ်ရက်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၂၄ ဦးအထိ သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံတွင် စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရကြောင်း၊တစ်ရက်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် အများဆုံး သေဆုံးရသည့်နေ့တစ်နေ့ဖြစ်ခဲ့ကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြသည်။ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့ရပြီး တပ်ဖွဲ့ဝင်ငါးဦးမှာမူ ရှီးယိုက်တို့နေထိုင်ရာ မြို့တစ်မြို့တွင် တိုက်ပွဲဖြစ်ပွားရာမှ သေဆုံးရခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာမူ သီးခြားစီဖြစ်ပွားသောလမ်းဘေးထောင်ဗုံး ပေါက်ကွဲမှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။ အန်ဘာပြည်နယ်တွင်မူ တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့သည်။

ဘဂ္ဂဒက် အရှေ့မြောက်ဘက်တွင် ဘလက်ဟော့ခ်အမျိုးအစား အမေရိကန်စစ်ရဟတ်ယာဉ် ပျက်ကျခဲ့ရခြင်းသည် ပစ်ချခံရမှုကြောင့် ဟုတ်၊မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရှီးယိုက်တို့နေထိုင်ရာ ကာဘာလာမြို့ရှိ အမေရိကန်နှင့်အီရတ်ပူးတွဲစစ်စခန်းအဆောက်အအုံကို တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်မှာ နှစ်နှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့အတွက် သွေးထွက်သံယိုမှုအများဆုံး ဖြစ်ရပ်ဖြစ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ရပြီး သုံးဦး ဒဏ်ရာရခဲ့သည်။ အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးနှင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ကားတစ်စီး မီးလောင်နေသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့အနီးတွင် မုန်တိုင်းကျရောက်ပြီးနောက် ပြိုလဲသွားသော လျှပ်စစ်တာဝါတိုင်တစ်တိုင်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူ-ကွာလာလမ်ပူ ကျည်ဆန်ရထားလမ်း ဖောက်လုပ်ရန် အဆိုပြု

စင်ကာပူ ဇန်နဝါရီ ၂၁

စင်ကာပူနှင့် ကွာလာလမ်ပူ ဆက်သွယ်သော ကျည်ဆန်ရထား အမြန်ရထားလမ်း ဖောက်လုပ်ရန် မလေးရှားနိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း စင်ကာပူ သယ်ယူပို့ဆောင်ရေးဝန်ကြီး ရေမွန်လင်းက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အဆိုပြုချက်ကို ကြိုဆိုကြောင်း၊ မိမိတို့အနေဖြင့် ယင်းအဆိုပြုချက်ကို လေ့လာကာ အကောင်းဆုံး ဆက်လက်လုပ်ဆောင်နိုင်မည့် နည်းလမ်းကို ရှာဖွေမည်ဖြစ်ကြောင်း ရေမွန်လင်းက သတင်းထောက်များ၏ မေးခွန်းကို တုံ့ပြန်ဖြေကြားခဲ့သည်။

မလေးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးက ထောက်ခံသည့် အဆိုပါ ကျည်ဆန်ရထားလမ်းသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ကုန်ကျမည့် စီမံကိန်းဖြစ်ပြီး ကွာလာလမ်ပူနှင့် စင်ကာပူသို့ ၇ နာရီကြာ သွားရမည့်ခရီးကို မိနစ် ၉၀ ဖြင့် ရောက်နိုင်မည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တို့ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ဖောက်ဖျက်ပြီး ဖမ်းထားသော သံတမန်များ လွှတ်ပေးရန် အီရန်တောင်းဆို

တီဟီရန် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံမြောက်ပိုင်း အာဘီးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရန်ကောင်စစ်ဝန်ရုံးကို ချိုးဖျက်ဝင်ရောက်ကာ သံတမန်ငါးဦးကို ဖမ်းဆီးသွားခဲ့သည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်သည့်လုပ်ရပ်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ အီရန်နိုင်ငံက တိုင်ကြားစာပေးပို့ခဲ့ကြောင်း ဇန်နဝါရီ ၂၀ရက်ထုတ် အိုင်အာရ်အင်အေသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၁ရက်ကတည်းက အမေရိကန်တို့ ဖမ်းဆီးသွားသော သံတမန်များကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်ကိုယ်စားလှယ် ဒါနစ်ယက်ဇ်ဒီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယား၌ ဆန်စားသုံးမှုနှုန်းကျဆင်း

ဆိုးလ် ဇန်နဝါရီ ၂၁

တောင်ကိုရီးယားနိုင်ငံသားများ၏ တစ်ဦးချင်း ဆန်စားသုံးမှုနှုန်းထားသည် ၂၀၀၆ခုနှစ်၌ ဆက်လက် ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း တောင်ကိုရီးယားနိုင်ငံ စာရင်းအင်းဌာန (အင်န်အက်စ်အို)က ဇန်နဝါရီ ၁၈ရက်တွင် ထုတ်ပြန်သည်။

လျော့နည်းသွား

တောင်ကိုရီးယားနိုင်ငံသားတစ်ဦးသည် ၂၀၀၅ခုနှစ်အတွင်းက လူတစ်ဦးလျှင် ဆန်၈၀ ဒသမ၇ ကီလို စားသုံးခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၇၈ဒသမ ၈ကီလို သာ စားသုံးသည့်အဆင့်သို့ လျော့နည်းသွားခဲ့သည်။ ထိုနှုန်းထားသည် ဆန်စားသုံးမှု ၂ ဒသမ ၄ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသားတစ်ဦးသည် ၂၀၀၆ခုနှစ်တွင် တစ်ရက်လျှင်ဆန် ၂၁၆ဂရမ် စားသုံးကြောင်း အင်န်အက်စ်အို၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

သုံးသပ်

ဂျုံခေါက်ဆွဲစားသုံးမှု၊ အသားစားသုံးမှုနှင့် သစ်သီးဝလံစားသုံးမှုနှုန်းမှာ တောင်ကိုရီးယား၌ မြင့်တက်လျက်ရှိသည်။ တစ်ဖက်တွင် ယင်းသို့ မြင့်တက်လာခြင်းကြောင့် ဆန်စားသုံးမှု လျော့ကျသွားခြင်းဖြစ်သည်ဟု အင်န်အက်စ်အိုက သုံးသပ်သည်။

၂၀၀၃ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးသည် တစ်နှစ်လျှင် ဆန် ၈၃ဒသမ ၂ကီလိုဂရမ် စားသုံးနေရာမှ ၂၀၀၄ခုနှစ်တွင်၈၂ကီလိုဂရမ်သို့ ကျဆင်းသွားသည်။ ၂၀၀၄ ခုနှစ်တွင်ရှိသော ဂျပန်နိုင်ငံ၏ စားသုံးမှုနှုန်းနှင့် နှိုင်းစာလျှင် တောင်ကိုရီးယားတို့၏ ဆန်စားသုံးမှုနှုန်းသည် မြင့်မားနေဆဲဖြစ်သည်။ဂျပန်နိုင်ငံ၏ ဆန်စားသုံးမှုနှုန်းသည် ၂၀၀၄ ခုနှစ်တွင် ၆၁ ဒသမ ၅ကီလိုဂရမ်သာရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ဖွယ်ရှိ

ဂျေရုဆလင် ဇန်နဝါရီ ၂၁

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် နှစ်နှစ်အတွင်း ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ဖွယ်ရှိသည်ဟု အစ္စရေးဒုတိယကာကွယ်ရေးဝန်ကြီး အက်ဖရိန်စနီးက ပြောကြားကြောင်း ဟာရတ်ဇ်သတင်းစာက ကြာသပတေးနေ့တွင် ရေးသားသည်။

သဘောတူညီစာချုပ် အပြီးသတ်ချုပ်ဆိုရန်အတွက် နှစ်နှစ်တာကာလသည် အချိန်လုံလောက်မှုရှိကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သည် ခြောက်လကြာမျှ ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်ရေတပ်သား အီရတ်တွင် သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အမေရိကန် ရေတပ်သားတစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ ၎င်းသည် တိုက်ခိုက်ခံရမှုကြောင့်မဟုတ်ဘဲ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းသည် အီရတ်နိုင်ငံ ဘတ်ကာစခန်းရှိ အမှတ်(၁၆) စစ်ရဲတပ်ဖွဲ့မှ ရေတပ်သားဖြစ်ပြီး တိုက်ခိုက်မှုနှင့် မသက်ဆိုင်သည့် ဖြစ်ရပ်ကြောင့် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြပါ ကြေညာချက်တွင်ပါရှိသည်။

အမေရိကန်က ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့သည့် နောက်ပိုင်း အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၀၅၁ ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

အအေးလွန်ကဲမှုကြောင့် မြောက်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ တောင်ပါဒါကျွန်းသို့ ရောက်ရှိလာသည့် ပင်လယ်လိပ်သုံးကောင်အား ကယ်တင်ထားသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိန်တွင် မုန်တိုင်းတိုက်ခတ် ဓာတ်အားပြတ်တောက်

လန်ဒန် ဇန်နဝါရီ ၂၁

ဗြိတိန်နိုင်ငံ၌ လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲကျခဲ့ရာ ထောင်ပေါင်း ရာချီရှိသည့် ဗြိတိန်နိုင်ငံသူ၊ နိုင်ငံသားများသည် လျှပ်စစ်မီးမရှိဘဲ နေထိုင်ခဲ့ရကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားကြသည်။

နိုင်ငံတောင်ပိုင်းဒေသရှိ နယ်မြေထက်ဝက်ခန့်သည် လေပြင်းဒဏ် အဆိုးရွားဆုံးခံခဲ့ရသည့် ဒေသဖြစ်ပြီး လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ရပ်ဆိုင်းသွားရသည့်အပြင် အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ။

စနစ်တစ်ခုကတစ်ခုကိုကူးပြောင်းရာတွင် ညင်သာစွာကူးပြောင်းနိုင်ရေးသည် အရေးပါ နိုင်ငံတော်သစ်ထူထောင်ရာမှာ ရေရှည်တည်တံ့ရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်နေရန်လည်းလို နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးမဲ့သည့်အဖျက်လုပ်ရပ်များကို ကာကွယ်တိုက်ဖျက်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအဆင့်မြင့် စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူးဦးဌေးဦးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင်– အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် ပြည်သူအားလုံး လိုလားတောင့်တ နေကြသည့် အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသား အားလုံးစစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် ခေတ်ဟောင်းစနစ်ဟောင်းက ပြည်သူများလိုလား သည့် ခေတ်သစ်စနစ်သစ်ကို ညင်သာစွာအသွင်ကူးပြောင်းနေသည့် ကာလ ဖြစ်ကြောင်း၊ ခေတ်တစ်ခေတ်၏ အလှည့်အပြောင်းကာလကို ရောက်နေသည့် အချိန်ဖြစ်ကြောင်း၊ ပြည်သူများလိုလားသည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရေး အတွက် ရေရှည်ကိုမျှော်မှန်းပြီး အကျိုးအရှိဆုံးရလဒ်များ၊ အခြေခံကောင်းများ ရရှိအောင် စဉ်တိုက်၊ ဆက်တိုက် စဉ်ဆက်မပြတ်အကောင်အထည် ဖော်နေသည့် ကာလလည်းဖြစ်ကြောင်း။

မိမိတို့တွင် တိကျသည့်ရည်မှန်းချက်ပန်းတိုင်ရှိပြီး ဖြစ်ကြောင်း၊ မှန်ကန် သည့်မူ၊ လက်တွေ့ကျသည့်လမ်းစဉ်၊ စေတနာပါသည့်အကောင်အထည်ဖော်မှု၊ အမြော်အမြင်ကြီးမားသည့် ဦးဆောင်လမ်းညွှန်မှုများဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သည့်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားများနှင့် အကောင်အထည်ဖော်နိုင်ခဲ့ကြသည့်အတွက် တစ်နိုင်ငံလုံး မည်သည့်ခေတ် မည်သည့်အခါနှင့်မှမတူသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေကြပြီဖြစ်ကြောင်း၊ မဝေးကွာသည့် အနာဂတ်ကာလ တွင် ပေါ်ထွန်းလာမည့် အေးချမ်းသာယာသည့်၊ ဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး၏ ပုံရိပ်ကို တွေ့မြင်ခံစားနေကြ ရပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကိုထူထောင်ရာတွင် မှန်ကန်သည့်ဦးတည်ချက်၊ လက်တွေ့ ကျသည့် အကောင်အထည်ဖော်မှုများနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ကြရခြင်းဖြစ်ကြောင်း၊ စနစ်တစ်ခုက စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာစွာ ကူးပြောင်းနိုင်ရေးသည်လည်း အရေးပါကြောင်း၊ ကမ္ဘာ့ဖြစ်ရပ်များတွင် စနစ်တစ်ခု ကနေ စနစ်တစ်ခုကို ကူးပြောင်းရာတွင် ညင်သာမှုမရှိသည့်အတွက် ထိန်းမနိုင် သိမ်းမရဖြစ်ပြီး ပစ်ခတ်မှုများ၊ ဖောက်ခွဲမှုများနှင့် ပြည်တွင်းစစ်ဖြစ်လုနီးပါး ဖြစ်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ပြည်သူများအတွက် အနိဋ္ဌာရုံဖြစ်ရပ်များ၊ နိုင်ငံအတွက် ပျက်စီးဆုံးရှုံးသည့်ဖြစ်ရပ်များဖြစ်ကြောင်း၊ ညင်သာစွာ အသွင် ကူးပြောင်းရေးသည် နိုင်ငံအကျိုး၊ ပြည်သူများအကျိုးအတွက် စေတနာပါသည့် လုပ်ဆောင်မှုများဖြစ်ကြောင်း။

နိုင်ငံတော်သစ် ထူထောင်ရာမှာ ရေရှည်တည်တံ့ခိုင်မြဲရန်၊ အစဉ်ဖွံ့ဖြိုး တိုးတက်နေရန်လည်းလိုကြောင်း၊ နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး

အတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံအုတ်မြစ် များဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော် သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် အခြေခံအုတ်မြစ်များကို အချိန်အခါအလိုက်၊ နေရာအလိုက် ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအလိုက် အစီအစဉ်ရှိရှိ ဆောင်ရွက် ပေးနေသည်ကို သိမြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည့်နည်းတူ တစ်ဖက်မှာလည်း အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်နေပြီဖြစ် ကြောင်း၊ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသား ညီလာခံကြီး ကိုလည်း တစ်နိုင်ငံလုံးကကိုယ်စားလှယ်များ အစုံအညီဖြင့် ကျင်းပနေပြီဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် နိုင်ငံတော်သစ် တည်ဆောက်ရာမှာ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်မှတစ်ပါး အခြားမရှိဟု ယုံကြည်ခံယူထားပြီးဖြစ်ကြသည့် အတိုင်းမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကိုယ်တိုင်သာမက ပြည်သူ တစ်ရပ်လုံးပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန်လည်း မှာကြား လိုကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်၏ သမိုင်းရေးရာဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတကာအခြေအနေများကိုလည်း မှန်ကန်စွာရှုမြင် သုံးသပ်နိုင်ကြရမှာဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့် အစား ကျဉ်းမြောင်းသည့်ဝါဒစွဲ၊ လူမျိုးစွဲများကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပျက်ပြားမှုများ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲများကြောင့် ပါတီအချင်းချင်း၊ ပါတီ တစ်ခုတည်းအတွင်းက အုပ်စုကွဲအချင်းချင်း ပဋိပက္ခဖြစ်မှုများနှင့် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့သည်ကို တွေ့ကြရမှာ ဖြစ်ကြောင်း။

၁၉၈၈ခုနှစ်ကာလမှာလည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ ကြွေးကြော်ပြီး အာဏာကိုဖြတ်လမ်းက ရယူလိုသူများ၊ ပြည်တွင်းပြည်ပက သွေးထိုးလှုံ့ဆော် သူများ၏ ပယောဂကြောင့် စည်းမဲ့၊ ကမ်းမဲ့၊ ဥပဒေမဲ့၊ မင်းမဲ့စရိုက်ဆိုးများ ပေါ်ပေါက်ခဲ့ရပြီး ခေါင်းဖြတ်လူသတ်မှုများနှင့် ဖျက်ဆီးမှုများကြောင့် ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာထိခိုက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ကြောင်း။

လက်ရှိကာလမှာလည်း အပြုသဘောမဆောင်သည့် စေတနာမမှန်သည့် ပြည်တွင်းပြည်ပက အဖျက်လုပ်ရပ်များကို အမှန်အတိုင်း သိမြင်နေကြပြီ ဖြစ်ကြောင်း၊ အကြမ်းဖက်သည့်လုပ်ရပ်များ၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် လုပ်ရပ်များ၊ တည်ငြိမ်မှုကို ပျက်ပြားစေသည့်လုပ်ရပ်များသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆိုးကျိုးကိုသာဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ အကြမ်းဖက် ဖောက်ခွဲသည့်လုပ်ရပ်များသည် သေကျေဒဏ်ရာရမှုနှင့် ပျက်စီးမှုများသာ ပေါ်ပေါက်စေမှာဖြစ်ကြောင်း၊ မဟုတ်မမှန် စွပ်စွဲပိုတ်ဆို့ အရေးယူမှုစသည့်လုပ်ရပ် များသည် နိုင်ငံသားများ၏ စီးပွားရေးနှင့် လူမှုရေးဘဝထိခိုက်နစ်နာမှုကိုသာ ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ တည်ငြိမ်မှုကို ပျက်ပြားစေသည့် ဆူပူအုံကြွမှုဖြစ်အောင် ဖန်တီးသည့်လုပ်ဆောင်မှုများသည် အေးချမ်းသာယာမှုကို ပျက်ပြားပြီးလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများကိုသာ ပေါ်ပေါက်လာစေမှာ ဖြစ်ကြောင်း၊ အမှားနှင့်အမှန်၊ အပြုနှင့်အဖျက်၊ အဆိုးနှင့်အကောင်းကို ပြည်သူများ အမှန်အတိုင်းသိမြင် နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးမဲ့သည့်အဖျက်လုပ်ရပ်များကို အသင်းဝင်များက ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းကာကွယ်တိုက်ဖျက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အားလုံးသည် အမိပြည်ထောင်စု၏ပိုင်နက်နယ်မြေတွင် မွေးဖွားသန့်စင် လာကြသူများဖြစ်ကြကြောင်း၊ အမိရေကိုသောက်၊ အမိမြေကရသည့် အာဟာရ ကိုစားပြီး အမိမြေ၏ အရိပ်အာဝါသအောက်တွင် ရှင်သန်ကြီးထွားလာ ကြသူများ ဖြစ်ကြကြောင်း၊ အမိမြေ၏ ကျေးဇူးသစ္စာကို စောင့်သိကြရမှာဖြစ်ကြောင်း၊ အမိမြေ၏ အမျိုးသားအကျိုးစီးပွားအတွက် မှန်ကန်သည့်လုပ်ရပ်များဖြင့် အကျိုးပြုကြရမှာ ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုအခြေခံကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ ရေရှည်တည်တံ့ ခိုင်မြဲအောင် ပြည်သူများနှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားကြောင်း၊ နိဂုံးချုပ် အနေဖြင့်မှာကြားလိုသည်မှာ သင်တန်းကပို့ချလိုက်သည့် အသိပညာ၊အတတ်ပညာ များကို မိမိတို့၏ အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး နယ်မြေလူထုအကျိုးအတွက် ရှာဖွေဆောင်ရွက်သွားကြပါ၊ အသင်းကြီးကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း လက်တွေ့အကျိုးရှိသည့် အကောင်အထည်ဖော်မှုများနှင့် နယ်မြေလူထု အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တွေ့ကြုံရမည့် မည်သည့်အနှောင့်အယှက်အခက်အခဲ၊ အဖျက်အဆီး အဟန့်အတားမျိုးကိုမဆို အသင်းဝင်များနှင့် ပြည်သူများ၏စည်းလုံးမှု စွမ်းအားဖြင့်ကာကွယ်တိုက်ဖျက်သွားကြပါ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့် လက်တွဲပြီး ဝိုင်းဝန်း ဆောင်ရွက်သွားကြပါလို့ မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သတင်းနှင့်ဆက်သွယ်မှုနည်းပညာပြပွဲ ရောဝတီတိုင်း ပုသိမ်မြို့၌ ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း(ဧရာဝတီတိုင်း)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(ဧရာဝတီတိုင်း)တို့ ပူးပေါင်း၍ သတင်း အချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာပြပွဲ ၂၀၀၇(ဧရာဝတီ)ကို ဇန်နဝါရီ ၂၇ရက်မှ ၂၉ရက်အထိ ဧရာဝတီတိုင်း ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပမည် ဖြစ်သည်။

ပြပွဲတွင် ပြခန်းပေါင်း ၃၀နီးပါး စီစဉ်ပေးထားပြီး ပြသလိုသော ကွန်ပျူတာ လုပ်ငန်းရှင်များသည် ဇန်နဝါရီ ၁၉ရက် နောက်ဆုံးထား၍ ဖုန်း–၀၄၂–၂၅၂၄၀၊ ၀၄၂–၂၄၂၆၃၊ ၀၉–၅၂၀၀၂၅၇၊ ၀၉–၅၂၀၁၁၈၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ရက်က အဆိုပါကျောင်းတွင် ကျင်းပရာ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း(မန်နေဂျင်းဒါရိုက်တာ၊ ခနအောင်ကုမ္ပဏီ)နှင့် ဇနီး သီရိသုဓမ္မသီရီ ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေး မှူး၊ရှေ့နေချုပ်ရုံး)တို့က ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၂၄ သိန်း၊ ဆေးတက္ကသိုလ် ကျောင်းသူသုံးဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈ သိန်း စုစုပေါင်း ငွေကျပ် ၄၂သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စံစံထံ ပေးအပ် လှူဒါန်းစဉ်။ (၆၃)



ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂) ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံ၏ ပကတိအခြေအနေကိုသိရှိပြီး စာနာမှုအပြည့်ဖြင့် ထောက်ခံမှုပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကို ကျေးဇူးတင်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

၁။ နိုင်ငံတော်သည် လွတ်လပ်ရေးရချိန်မှစ၍ ပြည်တွင်းပဋိပက္ခတို့နှင့် ကြုံတွေ့ကာ တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြရာ နှစ်ပေါင်း(၄၀)ကျော် ကြာမြင့်ခဲ့သော်လည်း တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုကို တည်ဆောက်နိုင်ခြင်းမရှိခဲ့ပါ။

၂။ ယခုအခါ နိုင်ငံတော်အစိုးရလက်ထက်တွင် ကျွန်တော်တို့နှင့် ပြည်သူများ လိုလားတောင့်တ မျှော်လင့်နေသည့် တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများကို တည်ဆောက်ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။

၃။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် မြန်မာနိုင်ငံ၏အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းကို မိမိတို့အဖွဲ့အနေဖြင့် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်၏ ပကတိအခြေအနေများကို လျစ်လျူရှုပြီး မထီမဲ့မြင်ပြုခဲ့ခြင်းကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့က ကန့်ကွက်ခဲ့သည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန့်ကျင်ကန့်ကွက်မှုကိုလည်း ခံခဲ့ရသည်။

၄။ အမေရိကန်နှင့် ဗြိတိန်တို့သည် မိမိတို့နိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေး အကျဉ်းသားကိစ္စ၊ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စ၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါ၊ မူးယစ်ဆေးဝါးကိစ္စတို့ကို အကြောင်းပြု၍ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေကြောင်း မမှန်မကန် တစ်ဖက်သတ်စွပ်စွဲမှုဖြင့် လုံခြုံရေးကောင်စီတွင် ဆက်လက်တင်သွင်း ဆွေးနွေးခဲ့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံတို့ကလည်း အမေရိကန်နှင့်အပေါင်းအပါတို့ကို ထောက်ခံမှု မပြုဘဲ ကြားနေခဲ့ကြသည်။ ယင်းသည် ၁၉၇၂ ခုနှစ်မှ ယနေ့အထိ လုံခြုံရေးကောင်စီတွင် မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းနေသည့် ပကတိအခြေအနေအား သိရှိပြီး နားလည် စာနာမှု အပြည့်အဝဖြင့် ထောက်ခံမှုပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မိမိတို့အဖွဲ့မှ ကျေးဇူးတင်ရှိပါကြောင်းနှင့် အမေရိကန်နှင့် အပေါင်းအပါတို့အား ကန့်ကွက်ကြောင်းကို ဖော်ပြအပ်ပါသည်။

၅။ မြန်မာ့အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဆွေးနွေးဖြေရှင်းသင့်သော ကိစ္စဖြစ်ပါ၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အညီ အမျိုးသားညီလာခံတွင် တိုင်းရင်းသားအရေး၊ နိုင်ငံ့အရေးတို့ကို ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းသည် အမှန်အကန် ဖြစ်ကြောင်း ကျွန်တော်တို့ ယုံကြည်မှုအပြည့်အဝဖြင့် သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဦးကျောက်ညီလိုင်
ရှမ်းမြောက် အထူးဒေသ(၂)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့် ဗြိတိန်တို့က လုံခြုံရေးကောင်စီတွင် တင်သွင်းသည့်မူကြမ်းကို တရုတ်နှင့် ရုရှားတို့က Double Veto သုံး၍ ပယ်ချခြင်းကို ကြိုဆို

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
"မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏သဘောထားကြေညာချက်"

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် အမေရိကန်နိုင်ငံက ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုကြိုးပမ်းခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့် မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto သုံး၍ ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းက ထောက်ခံကြိုဆိုပါသည်။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကုလသမဂ္ဂကို ခုတုံးလုပ် အသုံးချနေချိန်တွင် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်တွင်းပြည်ပအဖျက်သမားများကလည်း နိုင်ငံတော်ပျက်စီးရေး၊ ဖြတ်လမ်းမှ အာဏာရရှိရေးတို့အတွက် ဝမ်းသာအားရ ထောက်ခံနေကြခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး လုပ်ဆောင်နေခြင်းများကို အင်တိုက်အားတိုက် ထောက်ခံပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိနားလည်စာနာပြီး Double Veto အာဏာဖြင့် ပယ်ချပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများ နည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ် ပါသည်။

ဒေါက်တာခင်ရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်တိုင်းရင်းသားအဖွဲ့ ကြေညာချက်ထုတ်ပြန်

မျက်မှောက်ကာလ မိမိတို့ရရှိနေသော ရလဒ်ကောင်းများကို ထိခိုက်လာနိုင်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ ဝင်ရောက်စွက်ဖက်မှုအစီအစဉ်ကို ကန့်ကွက်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်တိုင်းရင်းသားအဖွဲ့မှ ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင် ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်တိုင်းရင်းသားအဖွဲ့၏ သဘောထားကြေညာချက်(၁/၂၀၀၇)

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

၁။ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့တွင် မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆွေးနွေးမည့် အစီအစဉ်၌ ထည့်သွင်းရန် အမေရိကန်ကိုယ်စားလှယ်၏ အဆိုတင်သွင်းမှုအပေါ် မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချ ကြောင်း သဘောထားထုတ်ပြန်ခဲ့ပါသည်။ အမေရိကန်ဦးဆောင်သည့် အဖွဲ့သည် မိမိတို့နိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းကို လုံခြုံရေးကောင်စီသို့ ဆက်လက်တင်သွင်းခဲ့မှုကိုလည်း မိမိတို့အဖွဲ့က ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ပါသည်။

၂။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် မြန်မာပြည်တွင်းရှိ အလွှာစုံပြည်သူများက အမျိုးသားညီလာခံတွင် စုစည်းအဖြေရှာလျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါသည်။

၃။ ယခုမျက်မှောက်ကာလတွင် မိမိတို့ရရှိနေသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှု စသည့် ရလဒ်ကောင်းများကို နှောင့်ယှက်ထိခိုက်လာနိုင်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ ဝင်ရောက်စွက်ဖက်မှု အစီအစဉ်အား ဆန့်ကျင်ကန့်ကွက် ရှုတ်ချကြောင်းနှင့် မြန်မာနိုင်ငံ အခြေအနေကို နားလည်သဘောပေါက်၍ ထောက်ခံရပ်တည်ပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဦးအိုက်မုန်း

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း

မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံပြီဟု ဂုဏ်ယူ

အမှန်တရားဘက်မှ ရပ်တည်ခဲ့သည့် နိုင်ငံများအား ကျေးဇူးတင်

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၁၉ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မမှန်မကန် အကြောင်းပြချက်များ ဖော်ပြ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချမှတ်နိုင်ရန် တင်သွင်းခဲ့ပါသည်။ ယင်းတင်သွင်းချက်နှင့် ပတ်သက်၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအကြောင်းကို အမှန်သိမြင် ကြသော မိတ်ဆွေနိုင်ငံများ၏ ဗီတိုအာဏာ၊ ကန့်ကွက်မဲတို့ကြောင့် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားရကြောင်း သိရှိရ၍ မြန်မာပြည်သူများနှင့်အတူ မြန်မာနိုင်ငံပြီဟု ဂုဏ်ယူရင်း အမှန်တရား ဘက်မှရပ်တည်ခဲ့သည့် နိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း

မွန်ငြိမ်းချမ်းရေးအဖွဲ့ (မြိတ်ဒေသ) ကြေညာချက်ထုတ်ပြန် မြန်မာ့အရေးကိစ္စသည် ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖြေရှင်းမှုတို့ကို လက်မခံရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)က ဇန်နဝါရီ ၁၈ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ ၁၈-၁-၂၀၀၇

၁။ လုံခြုံရေးကောင်စီအစီအစဉ်တွင် မြန်မာ့အရေးကိစ္စရပ်များအား တင်သွင်းမှုကို မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချခဲ့ပြီးဖြစ်ပါသည်။ မိမိတို့အဖွဲ့က ကန့်ကွက်ရှုတ်ချသလို အများပြည်သူတစ်ရပ်လုံးကလည်း ကန့်ကွက်ရှုတ်ချခဲ့ပြီး ဖြစ်သည်။

၂။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏အရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများ ဖမ်းဆီးထားရှိမှု၊ လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV ၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးများ တားဆီးနိုင်ခြင်းမရှိမှုစသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ကြိုးစားခဲ့ကြသဖြင့် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ၁၂-၁-၂၀၀၇ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချခဲ့ကြောင်း သိရှိရပါသည်။

၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်သည်ဆိုသည့် မမှန်မကန်စွပ်စွဲမှုသာဖြစ်သောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပါသည်။ အခြေအနေမှန်ကို သိရှိနားလည်သော မြန်မာနိုင်ငံအား ထောက်ခံပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား မြန်မာနိုင်ငံသားများအားလုံးနှင့်ထပ်တူ မိမိတို့အဖွဲ့ကလည်း အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

၄။ သို့ပါ၍ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟုယုံကြည်၍ ပြည်ပမှဝင်ရောက်စွက်ဖက်နေမှု၊ ဖြေရှင်းမှုတို့ကို လက်မခံနိုင်ကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်သိုက်ဟင်း

ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့ သဘောထားထုတ်ပြန် ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုပျက်အောင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပျက်စီးအောင် မည်သူမျှလုပ်၍ရမည်မဟုတ် တပ်မတော်၊ ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲကာ တက်ညီလက်ညီအသက်ပေးကာကွယ်

ရန်ကုန် ဇန်နဝါရီ ၂၂

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့ သဘောထား

ယခုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း အေးချမ်းတည်ငြိမ်လျက်ရှိပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။

ထို့နည်းတူ အမျိုးသားညီလာခံကျင်းပပြီး နိုင်ငံတော် အခြေခံဥပဒေရေးဆွဲနေချိန်တွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ကျွန်ုပ်တို့အဖွဲ့အစည်းနှင့် ပြည်သူတစ်ရပ်လုံးမှ ကန့်ကွက်သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကလည်း ကန့်ကွက်ခဲ့ကြပါသည်။

ထိုကဲ့သို့ ကန့်ကွက်နေသည့်ကြားမှ မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV ၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်မကန်သောအကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားကာ ယခုကဲ့သို့ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မိမိပြည်တွင်းအရေးသည် မိမိတိုင်းပြည်နှင့် သက်ဆိုင်ပြီး ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုပျက်အောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပျက်စီးအောင် မည်သူမှ လုပ်ဆောင်၍ရမည်မဟုတ်ကြောင်း၊ တပ်မတော်၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲကာ တက်ညီလက်ညီအသက်ပေးကာကွယ်သွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်းကောင်း၊ အင်အားကြီးပြည်ပနိုင်ငံကြီးများကလည်းကောင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက်ကြိုးပမ်းအားထုတ် တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း ပြည်ပ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်အားလည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလည်းကောင်း ကျွန်ုပ်တို့အဖွဲ့အစည်းမှ ပြစ်တင်ရှုတ်ချကန့်ကွက်ပါသည်။

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ဦးလဆန်အောင်ဝါ
ငြိမ်းချမ်းရေးအဖွဲ့

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၂၀၀၇ခုနှစ် ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံး ရန်ပုံငွေအဖြစ် သရုပ်ဆောင် ဒွေး၊ လွင်မိုး၊ လူမင်း၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ ရဲမွန်၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ခိုင်သင်းကြည်၊အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဝိုင်းစုခိုင်သိန်း၊ သင်ဇာဝင့်ကျော်၊ ပြည့်ဖူးခိုင်၊ ဇူးဇူးမောင်၊ ဟေမာန်အောင်အောင် စသည့် သရုပ်ဆောင်များပါဝင်သော ဆိုဒ်ကြီး အထူးခြောက်ရွက်ပါ ၂၀၀၇ခုနှစ် ပြက္ခဒိန် ထွက်ရှိပြီဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရွှေပုံလွှား ပြက္ခဒိန်ဖြန့်ချိရေးတို့၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

တာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မေတ္တာညွန့်ရပ်ကွက် မြို့ဦးပရိယတ္တိစာသင်တိုက်၌ အထက(၂)တာမွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများက (၁၂)ကြိမ်မြောက် ဆွမ်းဆန်တော် ၂၁ အိတ်ကို ဇန်နဝါရီ ၁၆ ရက်က စာသင်တိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုမုဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၃၅)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကချစ်လိပ်ပြာ (အပိုင်း-၁)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီး(ဒုတိယတွဲ) အပိုင်း(၁၆)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

ကမာရွတ်မြို့နယ် အထက(၅) ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မသဲနုဝေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ကမာရွတ် အထက(၅) ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅) မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ယင်းကျောင်းရှိ သပြေခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဧည့်သည်များက ငါးဘာသာ ၁၁ ဦး၊ လေးဘာသာ ၂၂ ဦး၊ သုံးဘာသာ ၂၅ ဦး၊ နှစ်ဘာသာ ၂၄ ဦးနှင့် တစ်ဘာသာ ၄၂ ဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘက်စုံထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များက ငွေပဒေသာပင်များ လှူဒါန်းကြသည်။ (ပညာရေး)

ရွှေပြားသက်နန်းအလှူတော် အောင်ပွဲခမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၂

စေတနာသမ္မာရ ဝတ်အသင်း၏ ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်နန်း အလှူတော်အောင်ပွဲ ခမ္မသဘင်အဖြစ် ဇန်နဝါရီ ၂၃ရက် (အင်္ဂါနေ့) ည၇နာရီခွဲ တွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D) D.Litt တရားတော်များချီးမြှင့်မည်ဖြစ်၍ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်း အထက (၁)ကျောင်းရှေ့ ခမ္မသဘင်မဏ္ဍပ်သို့ ကြွရောက်နာကြားကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

☆ **ရွှေဖုံးမှ**

အိုင်တီကုမ္ပဏီများမှ မန်နေဂျင်း ဒါရိုက်တာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အိုင်တီ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အိုင်တီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာလုပ်ကိုင်နိုင်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့အတွက် အိုင်တီအပိုင်းက ထိထိရောက်ရောက် အထောက်အကူပြုသွားနိုင်ရန်ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အိုင်တီနှင့် Public Access Centre လုပ်ငန်းများတွင် မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်ကို သုံးစွဲနိုင်ရန် တိုးချဲ့စီမံနေမှု အခြေအနေများ၊ e-Government ထူထောင်ရေးဆိုင်ရာများ၊ e-Library ထူထောင်ရေး ဆိုင်ရာများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Myanmar Info-Tech မှ ဦးသိန်းဦးနှင့် ဦးအောင်ဇော်မြင့်တို့က သတင်းအချက်အလက် ဆက်သွယ် ဖလှယ်နိုင်သော Public Access Centre ထူထောင်ရေးဆိုင်ရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် (Rural Development Information System)နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် (Industrial Development Information System)တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက e-Library ကို ကျယ်ပြန့်စွာ အသုံးပြုခြင်းအားဖြင့် တိုးတက်ဖြစ်ထွန်းလာနိုင်မည့် အခြေအနေများကိုလည်းကောင်း၊Global Technology Co. Ltd မှ မန်နေဂျင်းဒါရိုက်တာဦးရှိန်းသူအောင်က e-Library ကျယ်ပြန့်စွာ ဖြစ်ထွန်းရေးအတွက်လိုအပ်သောအိုင်တီနည်းပညာပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ e-Trade Myanmar Co. Ltd မှဒါရိုက်တာ ဦးထွန်းထွန်းနိုင်က သတင်းအချက်အလက်များကို အခြေခံသည့် Website ထူထောင် ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က အိုင်တီကဏ္ဍနှင့် စီးပွားကုန်သွယ်မှု ကဏ္ဍတို့ အပြန်အလှန်ဆက်စပ်နေမှုများ၊ အိုင်တီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် အိုင်တီပညာရှင်လူငယ်များ၏ အကူအညီဖြင့် အိုင်တီကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကြိုးဆလုပ်ကိုင်သွားရန် လိုအပ်ပုံတို့ကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင့်လွင်က e-Government ဖြစ်ပေါ်ရေးအတွက် Broad Band Net Work ချိတ်ဆက်ပြီးစီးမှုကိုလည်းကောင်း၊ Myanmar Info-Tech မှ ဦးငွေထွန်းက Myanmar Unicode နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ဒေါက်တာတင်မြတ်ထွေးက အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အလွယ်တကူ အလိုအလျောက် ဘာသာပြန်ဆိုနိုင်သည့် Translation Machine ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တီထွင်ရန် ကြိုးပမ်းနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးတို့က ဖြည့်စွက် ဆွေးနွေးကြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက e-Trade ကူးပြောင်းရေး၌ Online ပေါ်မှ စီးပွား/ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အိုင်တီပညာရပ်သည် အဓိကလိုအပ်ချက်ဖြစ်၍ အိုင်တီပညာရှင်များ၏ အကြံဉာဏ်များနှင့် အကူအညီများ ရယူနိုင်ရေးနည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က e- Trade ကဏ္ဍ၊ Online ဖြင့် ရောင်းဝယ်မှုကဏ္ဍနှင့် အိုင်တီကဏ္ဍတိုးတက်ဖြစ်ထွန်းလာမှုတို့ကို စနစ်တကျထိန်းသိမ်းနိုင်ရန် အတွက် ဆက်သွယ်ရေးဥပဒေများ ရေးဆွဲထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ Myanmar Info-Tech မှ ဦးသိန်းဦးနှင့် ဦးအောင်ဇော်မြင့်တို့က Certificate Authority (CA) ထုတ်ပေးရေးကိစ္စကို လည်းကောင်း၊ e-Procurement ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ဖြည့်စွက် ရှင်းလင်း ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အိုင်တီကဏ္ဍ တိုးတက်ရန်အတွက် အားလုံးဝိုင်းဝန်း၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန e-Learning Center များကို လည်းကောင်း၊ e-Library ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်၌ Cable Television (CATV) လိုင်းပေါ်မှ TV,Internet နှင့် Phone တစ်ပြိုင်တည်း အသုံးပြုနိုင်မှုတို့ကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန e-Learning Center နှင့် e-Library တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဘေးကြီးလေးပါးတရားတော် (အရှင်ဇဝန) (မေတ္တာရှင်၊ ရွှေပြည်သာ)
၈း၀၅	အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာ ကူးပြောင်းရေး
၈း၁၀	Music Gallery (အထူးမင်္ဂလာစုံတွဲ ကျက်သရေဆောင် မင်္ဂလာတေး) (တွံတေးသိန်းတန်-မေဆွိ)
၈း၄၀	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ဇမ္ဗူတလူရုပ်ရှင်ထုတ်လုပ်ရေးမှသရုပ်ဆောင်နှင့် ဇာတ်ကားသစ်များ စာနယ်ဇင်းမိတ်ဆက်ပွဲ)
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Sunday Talk
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ဂေါက်သီးရိုက်ကြရအောင်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဒေါက်တာဉာဏ်သိန်း) (အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာသိကောင်းစရာများ)
၁၁း၄၀	စည်းကမ်းလိုက်နာဘေးကင်းကွာ "လူကူးမျဉ်းကျားကကူးမယ်"
၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	မြင်ကွင်းများစွာကြည်လင်စေဖို့
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ဇန်နဝါရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၈၄၈မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၃၁မှု အလေးချိန် ၂၃၁၁ ဒသမ ၃၄၈၆ ကီလို၊ ဘိန်းဖြူ ၁၀၅၀မှု အလေးချိန် ၁၉၂ ဒသမ ၃၃၂၉ ကီလို၊ ဘိန်းညိုလေးမှု အလေးချိန် ၁၃၇၀ ဒသမ ၈၃၅ကီလို၊ ဘိန်းဆီ ၁၀၃မှု အလေးချိန် ၂၈ ဒသမ ၉၆၃၆ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၄မှု အလေးချိန် ၆၁၅၃ ဒသမ ၆၄၉၇ ကီလို၊ ဆေးခြောက် ၁၆၁မှု အလေးချိန် ၇၂ ဒသမ ၇၃၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆မှု ၁၉၀၆၅၅၂၀ ပြား၊ အက်ဖီဒရင်း နှစ်မှု အလေးချိန် ၁၂၈၇ ဒသမ ၄၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်ရှစ်မှု အလေးချိန် ၁၃၆ ဒသမ ၂၈၇၅ကီလို၊ ဘိန်းစာမှုန့် ၁၁၉မှု အလေးချိန် ၃၃၈ ဒသမ ၁၄၆၇ ကီလို၊ ချောင်းဆိုးပျောက် ဆေးရည်ပမာဏ ဒသမ ၂၂၅လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်) သုံးမှု အလေးချိန် ၃ဒသမ၂၂၆၈ ကီလို၊ အက်တက်စီဆေးပြားသုံးမှု ၆၇ပြား၊ ဒိုင်ယာဇီပမ်ဆေးပြားနှစ်မှု ၅၃၇၂ပြား၊ ကက်တမင်းဆေးမှုန့် နှစ်မှု အလေးချိန် ၁၇ ဒသမ ၀၀၁ ကီလို၊ ကက်တမင်းထိုးဆေးနှစ်မှု ၃၉၅ပုလင်း၊ မော်ဖင်းထိုးဆေးနှစ်မှု ၁၂၉ပုလင်း၊ ကေဖင်းတစ်မှု အလေးချိန် ၂၂၄၆ ဒသမ ၃ ကီလို၊ လိုရာဇီပမ် ဆေးပြား ငါးမှု ၂၃၀၂၄၀ပြား၊ အယ်ပရာဇိုလမ်ဆေးပြားနှစ်မှု ၆၇၉၀ပြား၊ ဗြူပရီနော်ဖင်းဆေးပြား ၁၀၉၀၀ပြား၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်ပမာဏ ၁၄၀၁ ဒသမ ၃၂လစ်တာ၊ ဓာတုဆေးရည်လေးမှု ၁၅၄၁၈ ဒသမ၂၂၅ လစ်တာ၊ ဓာတုဆေးမှုန့်နှစ်မှု အလေးချိန် ၄၁၈၀ ဒသမ ၃၃ ကီလို၊ မှတ်ပုံတင်ပျက် ၇၆မှု၊ အခြားအမှု ၁၄၆မှုတို့ဖြစ်၍ တရားခံ ကျား ၃၅၅၉ဦး၊ တရားခံမ ၈၀၁ဦး စုစုပေါင်း တရားခံ ၄၃၆၀ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ၂၀၀၅ ခုနှစ်ထက် ဘိန်းအလေးချိန် ၁၅၃၈ ဒသမ ၆၂၄၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၁၄၀၁၁ ပြား၊ အက်ဖီဒရင်းအလေးချိန် ၉၆၂ ဒသမ ၃၅၃၅ ကီလို ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ အလေးချိန် ၆၁၉ ဒသမ ၃၅၉၁ ကီလို၊ ဆေးခြောက်အလေးချိန် ၅၃ ဒသမ ၆၄၇၉ ကီလို၊ အက်စစ်တစ် အင်ဟိုက်ဒြိုက်ပမာဏ ၂၃၆ ဒသမ ၆၈ လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၈၀၃ ဒသမ ၁၇၅ လစ်တာ လျော့နည်းဖမ်းဆီးရမိခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်း အမှုပေါင်း ၂၃၀ မှု၊ တရားခံပေါင်း ၃၉၁ဦး လျော့နည်းဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် ဒီဇင်ဘာလ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ခုနှစ်ဒီဇင်ဘာလတွင်တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ် ဆေးဝါးအမှုပေါင်း ၂၂၉မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၃၀မှု အလေးချိန်၁၄ ဒသမ ၅၄၄၄ကီလို၊ဘိန်းဖြူ ၆၆မှု အလေးချိန်(ဒသမ၂၆၆၂) ကီလို၊ ဘိန်းဆီ ၁၁မှု အလေးချိန် ၂ဒသမ၆၀၆၁ကီလို၊ အဆင့်နိမ့် ဘိန်းငါးမှု အလေးချိန် ၁ဒသမ ၁၀၈၃ ကီလို၊ ဆေးခြောက်၁၃မှုအလေးချိန် ၅ ဒသမ ၁၇၈၆ကီလို၊ စိတ်ကြွရူးသွပ်ဆေး ပြား၃၈မှု ၆၄၅၇၅၃ပြား၊ စိတ်ကြွရူးသွပ် ဆေးမှုန့်တစ်မှုအလေးချိန် ၃ ဒသမ ၃၁၀၇ ကီလို၊ ဘိန်းစာမှုန့် ၁၁မှု အလေးချိန် ၇ ဒသမ ၈၅၂၄ကီလို၊ ချောင်းဆိုးပျောက်ဆေး ရည် ပမာဏ(ဒသမ၁၂)လစ်တာ၊ လိုရာ ဇီပမ်ဆေးပြားလေးမှု ၂၃၀၂၄၀ပြား၊ အယ် ပရာဇိုလမ်ဆေးပြားနှစ်မှု ၆၇၇၀ ပြား၊ ဒိုင်ယာဇီပမ်ဆေးပြားတစ်မှု၂၆၂ပြား၊ ဗြူပရီ နော်ဖင်းဆေးပြား ၁၀၉၀၀ပြား၊ ဓာတု ဆေးရည်တစ်မှု ပမာဏ ၅၄၄လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန်၉၉ဒသမ၆၅ ကီလို၊ အခြားအမှု ၄၆မှုတို့ဖြစ်၍ တရားခံ ကျား၂၅၁ဦး၊ တရားခံ မ ၆၃ဦး စုစုပေါင်း တရားခံ ၃၁၄ဦးတို့အား ဥပဒေအရ အရေး ယူခဲ့သည်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းနှင့်အတူ Vice Chairman of the Financial and Economic Affairs Committee(NPC) H.E Mr. Yang Zhengwu၊ Vice Chairman of the Environmental Protection and Resources Conservation Committee (NPC) H.E Mr. Can Bochun ၊ Vice Chairman of the Financial and Economic Affairs Committee (NPC) H.E Mr. Shi Xiushi၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငမိုးရိပ်ရေသန့်စင်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ သွားရောက်ကာ ရန်ကုန်မြို့တော်သို့ ကြည်လင်သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေ ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဒုတိယအဆင့်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရေသန့်စင်စက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်စိုးနှင့် ဦးညီညီ၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာများအားတွေ့ဆုံရာ ရန်ကုန်မြို့တော်သို့ လက်ရှိရေဖြန့်ဝေပေးနိုင်မှုအပြင် ထပ်မံ၍ တစ်နေ့လျှင် ရေဂါလန် ၄၅ သန်း တိုးချဲ့ဖြန့်ဝေပေးနိုင်မည့် ဒုတိယအဆင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်သည့်အခြေအနေများကို သက်ဆိုင်ရာအပိုင်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်မြို့တော်ဝန်သည် ဒုတိယအဆင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြိုအနည်ထိုင်ကန် တူးဖော်ခြင်း၊ အနည်ထိုင်ကန်နှင့် သဲစစ်ကန် တည်ဆောက်ရန် သံချီသံကွေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အောက်ခံအခြေ ကြမ်းပြင်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကို လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ပထမအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအပေါ်အားနည်းချက်၊ အားသာချက်များကိုအခြေခံ၍ စနစ်တကျဖြင့် စံချိန်စံညွှန်းပြည့်မီစေရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သွက်လက်လျင်မြန်စွာ လုပ်ဆောင်ရေးနှင့် စက်ရုံအဝင်လမ်းများ ကောင်းမွန်စေရန် ဆောင်ရွက်ရေး မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၉)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကိုဆိုလက်ကမ်း ငြိမ်းချမ်းလမ်း

❒ ပြည်ထောင်စုဝန်းရံခ
မြန်မာ့ရဲ့ဇာတိပင် ...
ထက်အောက်ခွင် ပြည်နယ်ဖြန့်
ဆန့်လက်ကမ်းသွင်၊
သွေးချင်းတို့တူယှဉ်
ထာဝစဉ်လက်တွဲ၊
ခိုင်မြဲစွာစည်းလုံးမှု
အားပြုစဉ်မြဲ။

❒ အမျိုးသမီးထု သမိုင်းခေတ်
ဆယ်နှစ်ပြည့်ကျော်ခဲ့ပြီ ...
မြန်ပြည်နယ်တစ်နံတစ်လျား
ကြွားကြွားဝင့်ချီ၊
ရေးရာအလှစုံစုံညီ
အံ့လောက်သည့် ဝိုင်းဆင်အနံ့၊
ဖြန့်ကြက်ကာ စွမ်းဆောင်ပြတယ်
မြန်မာ့မူခလေ့အရေးမို့
မနေ့းကူပံ့။

❒ လူကုန်ကူး တိုက်ဖျက်ရေး
အကြမ်းဖက်ကာကွယ်သည် ...
ဟန်ချက်ညီ စွမ်းဆောင်မှု
လေးပြုကြပြီ၊
အမျိုးသမီးတို့စွမ်းရည်
အောင်ပွဲဆီဆင့်လှမ်း၊
အားသစ်ဆင်အောင်လံလွှင့်လို့
ရေမြင့်ကာ ကြာတင့်သလိုပ
မြန်မာ့မြေ မြန်မာ့သွေးရယ်တို့
ဖလှယ်ကာ အသိတရားတွေနဲ့
ပြည်(ပြေ)တစ်ခွင်ဆင့်ကာလှမ်းတယ်
ငြိမ်းချမ်းတဲ့လမ်း ။ ။

မွေးငယ်ငယ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အကြို လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့၊ အဖွဲ့ဝင်များ၊ ဌာနကြီးနှင့် လုပ်ငန်းဌာန ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်မာထွန်းက လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက စည်းရုံးရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လျာထားသည့်လုပ်ငန်းစဉ်များ၊ ဘဝလုံခြုံရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များ၊ လူမှုစီးပွားမြှင့်တင်ရေးဆိုင်ရာ လျာထားသည့် လုပ်ငန်းစဉ်များကို အဖွဲ့လိုက် ဆွေးနွေးမှုများပြုလုပ်ကြပြီး ဆွေးနွေးချက်များကို တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၇(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ရဲနွယ်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)**
၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၂၀ ၇။ **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) [ဒါရိုက်တာ–သက်တင်]**
၅:၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၄၅)**
၆:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမ ငယ်ပါသေး" (အပိုင်း–၁၀)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၁၈)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

အကျဉ်းသူများ၏ ကလေးများအား ဝက်သက်ကာကွယ်ဆေး ထိုးပေး

ရန်ကုန် ဇန်နဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသော အသက် (၉)လမှ (၅)နှစ်အတွင်း ကလေးများအား ၂၀၀၇ ခုနှစ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး အစီအစဉ်ကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရုံးဝင်းအတွင်းရှိ အောင်ဇေယျခန်းမ၌ ယနေ့နံနက် ၇ နာရီမှစ၍ ဆောင်ရွက်ရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်နွယ်နီစမ်း၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**

အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်မြင့်မြင့်သန်းနှင့် ကျန်းမာရေး ဝန်ထမ်းများက ဝန်ထမ်းမိသားစု ၂၆၁ ဦး၊ အင်းစိန်အကျဉ်းထောင်မှအကျဉ်းသူ ၄၀တို့၏ ကလေးများ စုစုပေါင်းကလေး ၃၀၁ ဦးအား ကာကွယ်ဆေးထိုးပေးပြီး ကလေးမိခင်များအား ကျန်းမာရေးပညာပေးဆိုင်ရာ သတင်းမှတ်တမ်းများ ပြသခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။
(သတင်းစဉ်)

ပညာပေးဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ၏ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်က ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးရုံးခန်းမ၌ကျင်းပရာ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြိုင် အသိပညာပေးဟောပြောစဉ်။
(၃၅)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တနန္ဒာသိရီ အရှင်သူမြတ်က ဖေဖော်ဝါရီ ၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ခုနစ်ရက်တိုင် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို မြောင်းတကာစံပြကျေးရွာ မိုးကုတ်အဖွဲ့ခွဲ အမှတ်(၂၃၇) ဓမ္မာရုံကြီးတွင် ဟောကြားမည်ဖြစ်ပါ၍ တရားအား ထုတ်လိုသော ယောဂီများသည် ဖေဖော်ဝါရီ၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီ နောက်ဆုံးထား၍ လာရောက်ကြရမည် ဖြစ်သည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ အထွေထွေမန်နေဂျာများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပညာရည်ထူးချွန်ဆုရ ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ဌာနများ၏ နှစ်ပတ်လည်နေ့အခမ်းအနားများကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ယမန်နှစ်၌ မိမိဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကို မည်သည့်အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်၊မည်သည့်အားသာချက် အားနည်းချက်များရှိသည်တို့ကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်၌ ပိုမိုတိုးတက်အောင် စီမံဆောင်ရွက်သွားနိုင်ရေးအတွက်ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ချီးမြှင့်ထိုက်သူများအား ဆုချီးမြှင့်ခြင်းဖြင့် ဌာနလုပ်ငန်းများပိုမိုတိုးတက်ထက်မြက်လာစေရေးပင်ဖြစ်ကြောင်း၊ နှစ်ပတ်လည်နေ့အခမ်းအနားများကို ရည်ရွယ်ချက်ရည်မှန်းချက်များ စနစ်တကျချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှသာ ဌာနလုပ်ငန်းများပိုမိုတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း။

ယမန်နှစ်ကကျင်းပသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ချမှတ်ပေးခဲ့သည့် လုပ်ငန်းတာဝန် (၈)ရပ်အနက် ဌာနအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးဟူသည့် လုပ်ငန်းတာဝန်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆင့်ဆင့်သောဝန်ထမ်းများ၏အသိစိတ်ဓာတ်ရှိရှိ၊ စိတ်ကောင်းစေတနာကောင်း ရှိရှိဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကိုအောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားပေးပံ့ပိုးမှု၊ စေတနာရှင်ပြည်သူများ၊ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း ထူးထူးကဲကဲ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ကြောင်း။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဖြည့်ဆည်းမှုတစ်ရပ်ကို ပါဝင်ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းနိုင်ခြင်းပင်ဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်က ချမှတ်ပေးခဲ့သော လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အားရကျေနပ်ဖွယ်ကောင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ယခုနှစ်တွင် ယခင်နှစ်က ချမှတ်ပေးခဲ့သည့် လုပ်ငန်းတာဝန်(၈)ရပ်အပြင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများအနေဖြင့် မိမိတို့နယ်မြေဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ပြောင်းလဲဖြစ်ထွန်းမှု သတင်းများကို အချိန်နှင့်တစ်ပြေးညီ ရယူတင်ပြရေးဟူသည့် လုပ်ငန်းတာဝန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများပီပီ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်နေမှုများကို သိရှိနားလည်ပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများအနေဖြင့် ပကတိဖြစ်ရပ်အခြေအနေမှန်များကို သိရှိနားလည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နောင်နှစ်၌ ဌာနလုပ်ငန်းများကို မည်ကဲ့သို့ အောင်မြင်အောင်ဆောင်ရွက်သွားမည်ကို သုံးသပ်ညှိနှိုင်းဆွေးနွေးပြီး စီမံဆောင်ရွက်သွားကြရန်၊ ဆုရရှိသူများအနေဖြင့် ဆက်ကြိုးစားသွားကြရန်၊ ဆုမရရှိသေးသူများကလည်း ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသူများအားဆုများချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ်(တတိယဆင့်)ရ မန္တလေးတိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ စံပြခရိုင်ရုံးဆုရ မကွေးတိုင်း သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ စံပြမြို့နယ်ရုံးဆုရ ရေနံချောင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးလှရှိန်နှင့် သတင်းစာများတွင် သတင်းအများဆုံးဖော်ပြနိုင်သည့်ဆုရ ရန်ကုန်တိုင်းရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့် ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကိုယ်စား မအူပင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးဝင်းရှိန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များခိုင်မာရေးအများဆုံးဆောင်ရွက်နိုင်သည့် မြို့နယ်များနှင့် ရေဒီယိုနှင့်ရုပ်မြင်သံကြားဖမ်းစက်ရရှိရေး အများဆုံး စည်းရုံးဆောင်ရွက်နိုင်သည့် မြို့နယ်များကိုယ်စား ဟင်္သာတမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်ညွှန့်နှင့် ငွေစာရင်းလချုပ် အချိန်မီပေးပို့နိုင်သည့် ခရိုင်ရုံးများကိုယ်စား သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်တို့အား ဆုများပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက စာပေ၊ အားကစား၊ အနုပညာနှင့် သင်တန်းထူးချွန်ဆု ရရှိသူများကိုယ်စား ဇီးကုန်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူးဒေါ်မာမာဦးနှင့် အဆင့်မြင့်ပညာထူးချွန်ဆု ရရှိသူများကိုယ်စား ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်းမှ မောင်မင်းသူဟိန်းတို့အား ဆုများပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးသန်းထွန်းက အခြေခံပညာထူးချွန်ဆု ရရှိသူများကိုယ်စား တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မနန်းသူဇာလှိုင်အား ဆုများပေးအပ်ပြီး ဝန်ထမ်းများကိုယ်စား ဝန်ထမ်းဝတ်စုံအတွက် ထောက်ပံ့ငွေများကို ဦးစီးအရာရှိ(ငွေစာရင်း) ဦးတင်ဝင်းအား ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထူးချွန်ဆုရသူများအတွက် ဝန်ကြီးဌာန၏ ချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်အား ပေးအပ်သည်။

ထို့နောက် ဆုရဝန်ထမ်းများနှင့် ပညာရည်ထူးချွန်ဆုရသူများကိုယ်စား သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ဝန်ထမ်းများအား လုပ်ငန်းထူးချွန်ဆု၄၈ဆုနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ထူးချွန်ဆု ၄၂ဆု စုစုပေါင်းဆု ၉၀ကို ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာများတွင် သတင်းအများဆုံးဖော်ပြနိုင်သည့်ဆုရ ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

Air Bus A 310-200 လေယာဉ်ထပ်မံရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော Air Bagan Ltd. မှ အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်အသုံးပြုရန်အတွက် ဒုတိယအစင်းအဖြစ် ဝယ်ယူထားသော Air Bus A 310-200 လေယာဉ် XY-AGE သည် ယနေ့ညနေ ၄နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်၊ Air Bagan Ltd. မှ ဥက္ကဋ္ဌ ဦးတေဇနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်များမှ သတင်းထောက်များ လာရောက်ကြည့်ရှုလေ့လာကြသည်။

Air Bagan Ltd. အနေဖြင့် Fokker F-100 လေယာဉ် တစ်စင်း၊ ATR 42 လေယာဉ် သုံးစင်း၊ ATR 72 လေယာဉ်နှစ်စင်း စုစုပေါင်း လေယာဉ်ခြောက်စင်းဖြင့် ပြည်တွင်း ခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိသည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလအတွင်းက Air Bus A 310-200 လေယာဉ်တစ်စင်း ရောက်ရှိလာခဲ့ပြီးဖြစ်ရာ ရန်ကုန်မှ ဗန်ကောက်၊ စင်ကာပူနှင့် ကူမင်းမြို့သို့ ပျံသန်းပြေးဆွဲရန်အတွက် နိုင်ငံခြားသား Air Bus လေယာဉ်မှူးကြီးများနှင့် နိုင်ငံခြားသား အင်ဂျင်နီယာများ ငှားရမ်းခြင်း၊ မြန်မာနိုင်ငံသားလေယာဉ်မှူးများအား Air Bus A 310 သင်တန်းတက်ရောက်စေခြင်း၊ မြန်မာနိုင်ငံသား လေယာဉ်မောင်၊ မယ်များအား Air Bus သင်တန်းပေးခြင်းများကိုဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရှိရသည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်အတွက် လိုအပ်မည့်ဝန်ဆောင်မှုကိစ္စများ၊ မြေပြင်သုံးအထောက်အကူပြုယာဉ်များ ဝယ်ယူခြင်းကိစ္စများနှင့် အခြားလိုအပ်သောကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ထားပြီးဖြစ်သည်။

နိုင်ငံတကာစံချိန်မီပျံသန်းရန် အဆင်သင့်ဖြစ်ပါက ရန်ကုန်-ဗန်ကောက်-ရန်ကုန် ခရီးစဉ်နှင့် ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲပြီး ရန်ကုန်-မန္တလေး-ကူမင်း-မန္တလေး-ရန်ကုန်ခရီးစဉ်ကိုတစ်ပတ်လျှင်သုံးကြိမ် ပြေးဆွဲမည်ဖြစ်သည်။

မကြာမီအချိန်ကာလအတွင်း Air Bagan Ltd. အတွက် ထပ်မံဝယ်ယူထားသော Fokker F-100လေယာဉ် တစ်စင်းမှာလည်း မြန်မာနိုင်ငံသို့ရောက်ရှိလာမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တိုးချဲ့ပျံသန်းရေးအတွက် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Air Bus A 310-200လေယာဉ် XY-AGE ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ကျင်းပရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြိုးခြံချွေတာ

ရှေးဦးစွာနှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးမှာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတစ်ခုနှင့်တစ်ခု အကြားလုပ်ငန်းဆပ်ကော်မတီအသီးသီး အနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြချက်များအရ သိရှိရကြောင်း၊ ယခု အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စများကို ဆွေးနွေးတင်ပြသွားကြရန် ဖြစ်ကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ မြိုးခြံချွေတာသုံးစွဲကြရန် အထူးပြောကြားလိုပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ဆပ်ကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များသည်နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ် အောင်မြင်ရေးကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျွေးမွေးဧည့်ခံရေးတို့ကို လစ်ဟာမှုမရှိစေရအောင်၊ အဘက်ဘက်က ပြည့်စုံစေရအောင် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား စီစဉ်ရေး၊ ညစာစားပွဲတည်ခင်းရေး ကိစ္စများကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဖြည့်စွက်တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေးနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နှစ်(၆၀) ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၆ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း--

တြိဂံဒေသ တိုင်း စစ်ဌာနချုပ် နယ်မြေတွင်အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှတပ်သား အိုက်ကွန်သည်လည်းကောင်း၊ရင်း(၆၇၀) မှ တပ်သားအိုက်ရွတ်နှင့် အိုက်ဖန်တို့သည် လက်ပစ်ဗုံးနှစ်လုံးဖြင့် လည်းကောင်း၊ တပ်မဟာ(၇၂၇) ရင်း(၄၅)မှ တပ်ကြပ်အဆင့်ရှိ စိုင်းအောင်မိန်းသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်တို့ဖြင့် လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ ခွန်ဆန်ယုံဟုန်းစစ်ကြောင်းမှ တပ်သား စိုင်းတာသည် အမ်(၂၂) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၁၉၀၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ ဗဟိုဌာနချုပ်မှ တပ်သား စိုင်းမောင်နှင့် စိုင်းဇော်တိကတို့သည် လည်းကောင်း၊ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ဒါးရက်သည် အမ်အေ(၃) သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၄၉တောင့်တို့ဖြင့် လည်းကောင်း၊ အရာခံဗိုလ်အဆင့်ရှိ စောထူးသည် ကာဘိုင်တစ်လက်၊ ကျည်အိမ်မျိုးစုံနှစ်ခု၊ ကျည်မျိုးစုံအတောင့် ၃၀တို့ဖြင့် လည်းကောင်း၊ တပ်သား တော်ရက်သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၄၉ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေ၌ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၃)မှ တပ်သား ဝင်းဆန်းသည် လက်ပစ်ဗုံး တစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၂၀၈)မှ စည်းရုံးရေးတာဝန်ခံ ရဲထွင့်ခေါင်သည် လည်းကောင်း။

ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား စောတာမလာဝေးသည် လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေ၌ ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ ရင်း(၂၀၃) ခွဲ(၂)မှ တပ်ကြပ်ကြီးအဆင့်ရှိ ဘခက်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ငါးတောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၄)မှ ရိက္ခာ/ဆက်ကြေး တာဝန်ခံဦးစောခူးနှင့် ဦးနိုးရီတို့သည် အမ်(၁) သေနတ် တစ်လက်နှင့် ၎င်းကျည် ၂၅တောင့်တို့ဖြင့် လည်းကောင်း၊ စာရေးအဆင့်ရှိ တယ်ရီခင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊၎င်းကျည်ငါးတောင့်တို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၄)၊ ရင်း(၁၀)မှ ဒုတပ်ကြပ်အဆင့်ရှိ စောလင်းသိန်း၊ တပ်သား စောဘချော၊ စောနိုင်နိုင်နှင့် စောဘထွန်းတို့သည် ကာဘိုင် တစ်လက်၊ အမ်(၁၆) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၂၂တောင့်တို့ဖြင့် လည်းကောင်း၊ မွတ်ဆလင်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားအတ်မဒ်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်ခုနစ်တောင့်တို့ဖြင့် လည်းကောင်း၊ ဂေါ့အာမီတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား မဲတလဲ၊ စောကျော်ဆဲနှင့် စောမားဒေးတို့သည် အမ်(၁၆) မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၆တောင့်တို့ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါလများအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြသူ စုစုပေါင်း ၂၅ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်အထက(သုဝဏ္ဏ) ၏ ပညာရေး စုံညီပွဲ တော် ကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ သူငယ် တန်းမှ စတုတ္ထ တန်း အထိ ငါးနှစ်ဆက်တိုက်ဘက်စုံထူးချွန် ပထမဆုနှင့် မြို့နယ်သချာထူးချွန်ဆုရရှိသာမောင်ရန်ပိုင်ဖြိုး အား ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

ပခုက္ကူအသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် (၇၅)နှစ်အထက် အသင်းသူ အသင်းသားမိဘများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်တို့၏သားသမီးများ အမှတ်စာရင်းနှင့်အတူ ပခုက္ကူအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒု-ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၆၄၂၄၄၅၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ ၃၇၈၈၇၈၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇ တို့သို့ ဇန်နဝါရီ ၂၅ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် နှိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။ (၂၃)

(၆၅) နှစ်မြောက် မင်္ဂလာလက်ထပ်နေ့ ဆရာကြီး ဦးဂိုအင်ကာ၏ (၈၃) နှစ်မြောက်မွေးနေ့နှင့် မာတာကြီး၏ (၇၇) နှစ်မြောက် မွေးနေ့တို့အတွက် ဆုတောင်း

မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာနှင့် မာတာကြီးတို့၏ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ(၂၃)ရက်နေ့တွင် ကျရောက်သော (၆၅)နှစ်မြောက် မင်္ဂလာလက်ထပ်နေ့၊ ဆရာကြီး၏ (၈၃)နှစ်မြောက် မွေးနေ့နှင့် မာတာကြီး၏ (၇၇)နှစ်မြောက် မွေးနေ့တို့တွင် သား၊ မြေး၊ မြစ်များ၊ ဆွေမျိုးများ၊ မိတ်သင်္ဂဟများ၊ တပည့်တရားပြဆရာ ဆရာမများ၊ ယောဂီများက ဆရာကြီးနှင့် မာတာကြီးတို့သည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြ၍ ယခုကဲ့သို့ပင် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကုသိုလ်ရေးကိစ္စများကို ဆက်လက်၍ ဆောင်ရွက်နိုင်ကြပါစေ၊ မင်္ဂလာအပေါင်း ခညောင်းကြပါစေ၊ တရားထူးတရားမြတ်များကို တစ်ဆင့်ထက်တစ်ဆင့် ရင့်သည်ထက် ရင့်ကျက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း၍ စုပေါင်းမေတ္တာပို့သအပ်ပါသည်။

လက်ထောက်တရားပြဆရာ၊
ဆရာမများ၊
ဂေါပကအဖွဲ့ဝင်များ၊
တပည့်ယောဂီများ

သား ဗန္ဓုလဦးရွှေ(သီရိသုဓမ္မမဏိဇောတဓရ)နှင့်
ဇနီး ဒေါ်နီနီရွှေ(ခ)ဆူရှီလာဂိုအင်ကာ
မြေး ရာဂျူလ်ဂိုအင်ကာနှင့် နေဟာဂိုအင်ကာ
ဆွေမျိုးမိတ်သင်္ဂဟများ

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့

၁။ ဓမ္မဇောတိရိပ်သာ(ရန်ကုန်)	၂။ ဓမ္မရတနရိပ်သာ(အုတ်ဖိုရပ်–မိုးကုတ်)	၃။ ဓမ္မမဏ္ဍပရိပ်သာ(မန္တလေး)
၄။ ဓမ္မမကုဋရိပ်သာ(မိုးကုတ်)	၅။ ဓမ္မမဏ္ဍလရိပ်သာ(ရေတံခွန်တောင်–မန္တလေး)	၆။ ဓမ္မမဟိမာရိပ်သာ(ပြင်ဦးလွင်)
၇။ ဓမ္မဉာဏဓဇရိပ်သာ(မုံရွာ)	၈။ ဓမ္မနိမိရိပ်သာ(အင်းတိုင်–ပဲခူး)	၉။ ဓမ္မမနောဟရရိပ်သာ(သံဖြူဇရပ်)
၁၀။ ဓမ္မမနောရမရိပ်သာ(မအူပင်)	၁၁။ ဓမ္မပဗ္ဗတရိပ်သာ(မြောင်းမြ)	၁၂။ ဓမ္မမဟာပဗ္ဗတရိပ်သာ(တောင်ကြီး)
၁၃။ ဓမ္မလာဘရိပ်သာ(လားရှိုး)	၁၄။ ဓမ္မမဂ္ဂရိပ်သာ(လှည်းကူး)	၁၅။ ဓမ္မကျောတိယပဋ္ဌာန်ရိပ်သာ(ကျိုက်ထို)

အင်တာနက်အားကစားသတင်းများ

ရုရှားလူမျိုး လက်ဝှေ့ချန်ပီယံ နီကိုလိုင်ဗဲလက်ဗ် (ဝဲ)နှင့် အမေရိကန်နိုင်ငံသား မက်ကလင်းတို့ ထိုးသတ်ကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဒဗလျူဘီအေ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမားရှုံးနိမ့်

ဘေဆယ်လ် ဇန်နဝါရီ ၂၂

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်(ဒဗလျူဘီအေ)၏ ဟဲဗီးဝိတ်ချန်ပီယံ ရုရှားလူမျိုး နီကိုလိုင်ဗဲလက်ဗ်သည် ၎င်းအား စိန်ခေါ်လာသူ အမေရိကန်လက်ဝှေ့သမား ဂျာမီးလ်မက်ကလင်းအား စနေနေ့က ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်လ်မြို့တွင်ကျင်းပသည့် လက်ဝှေ့ပြိုင်ပွဲ၌ အလွယ်တကူပင်အနိုင်ယူကာ ဟဲဗီးဝိတ်လက်ဝှေ့သရဖူကို ကာကွယ်လိုက်နိုင်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် ၃၆ နှစ်အရွယ်ရှိ မက်ကလင်းသည် သုံးချီမျှသာ ထိုးသတ်ပြီးချိန်တွင် ဒူးခေါင်းဒဏ်ရာ ခံစားလာရသဖြင့် အနားတောင်းလိုက်ရသည်။

မက်ကလင်းသည် ကြိုးဝိုင်းအတွင်း လဲကျသွားပြီးနောက် ပြန်လည်ရပ်တန့်နိုင်ခြင်းမရှိကြောင်း၊ ၎င်း၏ ဒူးခေါင်းမှာဒဏ်ရာရသွား၍ မည်သို့မျှ ဆက်လက်ထိုးသတ်နိုင်ခြင်းမရှိတော့ကြောင်း၊ ယင်းနောက်တွင် ၎င်းကို ထမ်းစင်ဖြင့် ကြိုးဝိုင်းပြင်ပသို့ ခေါ်ထုတ်သွားရကြောင်း သတင်းတွင်ဖော်ပြသည်။

အရပ် ၂ ဒသမ ၁၃ မီတာ၊ ကိုယ်အလေးချိန် ၁၄၆ ကီလိုဂရမ်ရှိ ဗဲလက်ဗ်သည် အစောပိုင်းပွဲချီများ တစ်လျှောက်လုံး ပြိုင်ဘက်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

လက်ဝှေ့ပွဲ လျင်မြန်စွာ အဆုံးသတ်သွားခြင်းအတွက် မိမိအားမလိုအားမရဖြစ်မိကြောင်း ဗဲလက်ဗ်က ပြောကြားသည်။

အင်တာနက်

ချယ်လ်ဆီးအသင်း တိုးတက်မှုရှိရေး ဟိုဆေးမော်ရင်ဟို အခက်အခဲတွေ့နေ

လန်ဒန် ဇန်နဝါရီ ၂၂

ထိခိုက် ဒဏ်ရာရသည့် ဘောလုံးသမား အရေအတွက် တိုးပွားလာသည့် ချယ်လ်ဆီးအသင်းကို တိုးတက်လာအောင် မိမိစွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း ယင်းအသင်း၏ မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ယနေ့ ပြောကြားလိုက်သည်။

မိမိသည် ချယ်လ်ဆီးအသင်း၏ ပိုင်ရှင်မဟုတ်သလို အမှုဆောင် အရာရှိချုပ်လည်း မဟုတ်ကြောင်း၊ ထိုနည်းတူပင် အသင်းဥက္ကဋ္ဌလည်း မဟုတ်ကြောင်း၊ မိမိသည် အသင်းမန်နေဂျာမျှသာ ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

မိမိသည် ချယ်လ်ဆီးအသင်း တိုးတက်ရာ တိုးတက်ကြောင်း အတွက် အကြံပေးနိုင်ရုံသာရှိကြောင်း ၎င်းက ပြောကြားသည်။

စနေနေ့က ကျင်းပသောပွဲတွင် ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲတွင် မော်ရင်ဟိုအတွက် အားထားရသည့် ဘောလုံးသမားများ မပါဝင်ခဲ့ပေ။ ချယ်လ်ဆီးအသင်းမှ ဂျွန်တယ်ရီ၊ ခါလစ် ဘူလာရုဇ်၊ ဝိန်းဘရေ့ဂျ်တို့မှာ ထိခိုက်ဒဏ်ရာရရှိထားပြီး ရီကာဒို ကာဗယ်ဟိုမှာ နာမကျန်းဖြစ်နေသည်။ ကွင်းလယ် ကစားသမား ကလော်ဒီ မာဘီလီလီမှာမူ ပွဲပယ်ပြစ်ဒဏ်ကျခံနေရပြီး တိုက်စစ်မှူးဂျိုးကိုးလ်မှာမူ ခွဲစိတ်ကုသမှု ခံယူခဲ့ရသူဖြစ်သည်။

ချယ်လ်ဆီး အသင်းတွင် နောက်ခံလူတစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး လိုအပ်နေသည်ဟု ဒီဇင်ဘာလကုန်တွင် မိမိအကြံပြုခဲ့ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

အင်တာနက်။

ပြင်သစ်လီယွန်အသင်းသို့ မီလန်ဘာရိုးစ်ရောက်ရှိ

လန်ဒန် ဇန်နဝါရီ ၂၂

ချက်လူမျိုးတိုက်စစ်မှူး မီလန်ဘာရိုးစ်သည် ပြင်သစ်ချန်ပီယံ လီယွန်အသင်းတွင် ယနေ့မှစတင်၍ အသင်းသားအဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မီလန်ဘာရိုးစ်သည် ပရီမီယာလိဂ်ပြိုင်ပွဲဝင် အက်စ်တန်ဗီလာအသင်းမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ကိုးဂိုးမျှသာသွင်း

မီလန်ဘာရိုးစ်သည် ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် လီဗာပူးအသင်းမှ အက်စ်တန်ဗီလာအသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန် နောက်ပိုင်း ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ၄၂ ပွဲတွင် ကိုးဂိုးမျှသာ သွင်းပေးနိုင်ခဲ့သည်။

အင်တာနက်။

ဒလသင်္ဘောကျင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၂

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဇန်နဝါရီ ၁၉ ရက်က ရန်ကုန်မြစ် ရေလမ်းကြောင်း အခြေအနေ၊ ပန်းဆိုးတန်း–ဒလသို့ ပြေးဆွဲခရီးသည်တင် ရေယာဉ်များ ပြေးဆွဲနေမှု အခြေအနေတို့ကို လည်းကောင်း၊ ဒလသင်္ဘောကျင်း၌ သုံးထပ်ခရီးသည်တင် ဇလကျော်ထင် ရေယာဉ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းနေ ဦးသန်းအောင်နှင့် သားသမီး မြေးတစ်စုက ကိုးလက်မပတ်လည် ရွှေချပြီး ရွှေပြားအချပ် ၂၀ (ကျပ်တစ်သိန်း)ကို ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး အင်းစိန်သို့ လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် အမှုဆောင်အဖွဲ့ လက်ခံရယူစဉ်။ (က–ပ)

ဆုချီးမြှင့်

၂၀၀၇ ခုနှစ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ တင်းနစ်ပြိုင်ပွဲ အမျိုးသမီး (အလွတ်တန်း) ပြိုင်ပွဲတွင် တတိယဆုရ မအေးမိုမိုဦး(အထက–၃၊ ပဲခူး)အား ဆုချီးမြှင့်စဉ်။ (က–ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲတွင် ကျောင်းအတွက် အလှူငွေထည့်ဝင်လှူဒါန်းကြသော မိဘများအား ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(ပညာရေး)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

Australia နိုင်ငံ၊ Canberra မြို့နေ
ဦးမင်းအောင်-ဒေါ်ခင်ခင်ဝင်းတို့၏သား
မငဝါဝင်း၏အစ်ကို

မောင်ဇေလင်းထွဋ်

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၂၅)နေ
ဦးဉာဏ်သိန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်စန်းစန်းတင့်တို့၏သမီး
မောင်လင်းထွဋ်သိန်း၏ညီမ

မနေခြည်ဦး

တို့သည် ၂၀-၁-၂၀၀၇(စနေနေ့)တွင် နှစ်ဖက်မိဘ၊ ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် Yuzana Hotel ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေလင်းထွဋ်-မနေခြည်ဦး

ထူးခြားသည့် ညအပူချိန်များ

၂၂-၁-၂၀၀၇

ဟားခါး	၀	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၁	ဒီဂရီစင်တီဂရိတ်
ပင်လောင်း၊ ဟဲဟိုးနှင့် မိုးကုတ်	၂	ဒီဂရီစင်တီဂရိတ်
လားရှိုး	၃	ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၁၄	ဒီဂရီစင်တီဂရိတ်

▸ လုပ်ငန်းရှင်များအား ကုန်သန်းရောင်းဝယ်ရေးဘဏ်က ငွေထုတ်ချေးမည်
▸ လက်ရှိခွင့်ပြုထားသောဆိုင်ကယ်များ တစ်ယောက်ထက် ပိုစီးခွင့်မပြု
▸ မြို့ပတ်ရထားလမ်းဘေး ကျူးကျော်နေထိုင်သူများ ဖယ်ရှားရှင်းလင်းမည်
▸ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၌ ၂၄ သိန်းတန်ဖိုးရှိ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ
▸ မြန်မာကျောင်းသူနှစ်ဦး ကိုရီးယားနိုင်ငံသို့ပညာတော်သင်ရွေးချယ်ခံရ
▸ မီးလောင်မှုဖြစ်က မီးသတ်ကားတစ်စီး ငွေငါးသောင်းကျပ်ပေးရသည်ဆိုသည့်သတင်း၊ ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးရှင်းလင်း
▸ ဆက်ဒမ်ညီ ထောက်လှမ်းရေးမှူးချုပ်နှင့် တရားသူကြီးကြိုးပေးလိုက်ပြီးနောက်ဆက်တွဲ ဘယ်သူတွေလဲ .... စသည့်သတင်းများနှင့်

NEWS WATCH
WEEKLY
စောင့် ကြည့် သ တင်း ဂျာ နယ်
ထွက်ပြီ

သချာဦးအောင်သောင်း

G.C.E သင်တန်းများ၊ အငယ်တန်းသင်တန်းများ
အမှတ်(၇၀)၊ တတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း
ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၂၄၆၁၀၈

သင့်သွေးဖြင့် အသက်ကယ်ပါ

အင်္ဂါနေ့တိုင်း ထွက်နေပါပြီ

နိုင်ငံတကာ သတင်းဂျာနယ်

● ရေဒါရှောင်တွင်းနိုင်သော အမေရိကန် လေယာဉ်ပျံများ တောင်ကိုရီးယားတွင် ဖြန့်ကျက်ချထားမည်
● အမေရိကန်ပြည်ထောင်စုက ဆိုမာလီယာ တောင်ပိုင်းကို လေကြောင်းဖြင့်တိုက်ခိုက်
● ဒရက်ကူလာရဲ့တိုက်ကြီးကို ရောင်းချင်ပြီ
● ဝေယာလီဝုဒ်ကို ကိုရီးယားလှိုင်းကြီး ရိုက်ခတ်တော့မလား
● ဇင်ဘာဘွေ ငွေကြေးဖောင်းပွမှု အမြင့်ဆုံး စံချိန်သစ် ရောက်ရှိပြီ
● အိန္ဒိယမှာ လျှပ်စစ်ဓာတ်အားရရှိရေး သတ်ပွဲဖြတ်ပွဲဖြစ်ကြရ
● တရုတ်တွင် သတို့သမီးရှားပါးမှု ကြုံနေရ

ယခုအပတ်တွင် ထူးခြားသည့် ကဏ္ဍတစ်ရပ်အနေဖြင့်
ဘောလုံးဝါသနာရှင်များ နှင့် မန်ယူပရိသတ်များအတွက်

united

မန်ယူကြယ်ပွင့်များ၏ နှလုံးသားမှတ်တိုင်ပုံရိပ်များ
မန်ယူကြယ်ပွင့်များ၏ ဓာတ်ပုံများ မန်ယူသတင်းများ ဖါရှင်းကလေးလင်ရှိုးများ၏
ကဏ္ဍအုံမန်ယူဘောင်းဘီများ နှင့် ဖါးဝင်းနေကြ သတင်းများ ပြုံးကြိုမှုများဖြင့်
ဝေဝေဆာဆာ တင်ဆက်လိုက်သည့် "နှလုံးသားရဲ့ရှင်သွေး"

အမှတ်စဉ်(၂၅)
ဗုဒ္ဓဟူးနေ့တိုင်းဖြန့်ချိနေပါပြီ

" ဆရာ ညီညီထွေး၏ ဂစ်တာတီးတော်မှုသရုပ်ပြပွဲ "

(2007 - GUITAR WORKSHOP)
28th Jan, (Sun) (12:00 to 4:00PM)
FMI CENTRE
Jolly Bird, Easy Rider, Conqueror,
C.T Fashion, M+.... FMI MEN FASHION GROUP.
(F.M.F.G) မှ စီစဉ်တင်ဆက်သည်
(မည်သူမဆိုလာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)
SHOPPING CENTRE တွေ
ဘယ်လောက်ပဲများများ ....
အမျိုးသားများအတွက် အကောင်းဆုံးရွေးချယ်ဈေးဝယ်ရမဲ့နေရာ
F.M.I SHOPPING CENTRE

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ (ပ)ထပ်၊အမှတ်(၁၁၁)နေ ဒေါ်ချိုချိုအေး[၁၂/လမတ(နိုင်) ၀၁၄၉၅၉] သည် အောက်ပါ "MOMOKO" ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင် ပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်(၅၆၃/၂၀၀၃)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၆၃/၂၀၀၃ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ ဒေါ်ချိုချိုအေးသည် နိုင်ငံခြားမှ ကုန်ကြမ်းပစ္စည်းများကို တရားဝင် မှာယူတင်သွင်းပြီး မိမိပိုင်**"ရဲသီဟ"** ထီးစက်ရုံမှ "MOMOKO" အမှတ်တံဆိပ်ဖြင့် ထီးမျိုးစုံထုတ်လုပ်၍ အမှတ် ၄၃၃(ဒုတိယထပ်)၊မင်္ဂလာဈေးရှိ "ရဲသီဟထီးဆိုင်"မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ကောင်းသောနာမည်ဂုဏ်သတင်းကျော်ဇောမှုဖြင့် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ပါ "MOMOKO" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း၊ တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း ပုံတူကူးချခြင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်း၊ ၎င်းအတုအပ ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ် သိုလှောင်ထားရှိခြင်းများကို မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိဘဲပြုလုပ်ကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ချိုချိုအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ထွေးဝင်း LL.B	**စင်ထရယ်ဦးခင်မောင်မြင့်**
အထက်တန်းရှေ့နေ	**ဥပဒေဘွဲ့နှင့် စီးပွားရေးဆိုင်ရာ**
(စဉ်-၂၃၀၈၁)	**ဥပဒေ ဒီပလိုမာဘွဲ့ရ**
	တရားရုံးချုပ်ရှေ့နေ (စဉ်-၃၀၃၂)

(ရုံး) အမှတ်-၉/၁၁၊အခန်း-၂၀၁(စီ)၊(ဒု)ထပ်၊ ၃၆-လမ်း(အောက်)
ကျောက်တံတားမြို့နယ်။
(အိမ်)အမှတ်-၂၀၊ (၆-လွှာ၊ဝဲ)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်။ HP. 0951-50406, 0951-15663

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ခန့်ထားမည်)

(Asia Winner Industrial Ltd. သံစက်အတွက်)

(၁) အိမ်ရိုက်သံစက်ကျွမ်းကျင်စွာချိန်တတ်သောဝန်ထမ်း ကျား-(၁၀)ဦး
(စက်မောင်းလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။)
(၂) အိမ်ရိုက်သံစက်-စက်ပြင် ကျား- (၁)ဦး
(၃) A.G.T.I. (EP) ကျား- (၁)ဦး
(လျှပ်စစ်နှင့်ပတ်သက်သောကျွမ်းကျင်မှုရှိရမည်။)
(၄) ကာတာ/ဂျော ကျွမ်းကျင်သူ ကျား- (၂)ဦး

လိုအပ်သောဝန်ထမ်းဦးရေ -(၁၄)ဦး
နယ်မှလာသောဝန်ထမ်းများအတွက် အဆောင်စီစဉ်ပေးမည်။

အထက်ပါရာထူးများအတွက် ပညာအရည်အချင်းထောက်ခံစာ၊ ရပ်ကွက်ကောင်စီ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ကြော်ငြာသည့်နေ့မှစ၍(၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ လေဘာကတ်မိတ္တူနှင့်အတူ

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၃၀၁၊ ၃၀၅/၃၂၀၊ ၃၂၄၊ မကွေးလမ်းနှင့် ပဲခူးလမ်းကြား၊ စက်မှုဇုန်(၁) ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၉၀၅၁၆

အထူးဓမ္မသဘင်တရားပွဲ

စေတနာ သမ္မာရဝတ်အသင်း၏ ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်းအလှူတော် အောင်ပွဲဓမ္မသဘင်၌ တပို့တွဲလဆန်း(၆)ရက် ၂၃-၁-၂၀၀၇(အင်္ဂါနေ့) ည ၇ နာရီခွဲတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D) D.Litt (မဟာဓမ္မကထိက၊ ဗဟုဇန ဟိတဓရ အဂ္ဂမဟာပဏ္ဍိတ)က တရားတော်များချီးမြှင့်မည်ဖြစ်ပါ၍ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်း အထက(၁)ကျောင်းရှေ့ ဓမ္မသဘင်မဏ္ဍပ်သို့ ကြွရောက်ကြည်ညိုနာကြားတော်မူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဓမ္မဒူတ သိမ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော် ဆောင်ရွက်နေသော ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအတွက် ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်လှမြင့်(ရွှေစင်ရတနာရွှေဆိုင်မိသားစု)၊ ဖခင်ကြီး(ဦးတင်လှ) - မိခင်ကြီး ဒေါ်ခင်စန်းရီ၊ သမီး ဒေါက်တာ ဒေါ်ခင်ခင်ရီ(ရှိုင်းဟုပ် ကုမ္ပဏီမိသားစု)တို့နှင့် ပြည်တွင်း ပြည်ပ အနယ်နယ်အရပ်ရပ်တို့မှ တပည့် ဒါယကာ၊ ဒါယိကာမတို့က စုပေါင်း၍ ဆောက်လုပ်လှူဒါန်းအပ်သော သာသနာတော်၏ အသက်သဖွယ်ဖြစ်သော **"ဓမ္မဒူတ"** သိမ်တော်ကြီးကို ဘုရားအမှူးရှိသော ပင့်သံဃာ အပါး ၃၀၀ တို့ထံမှောက်၌ ဝမ်းမြောက်ကြည်နူးစွာ ရေစက်သွန်းချလှူဒါန်းလိုပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန်။ ။ ၁၃၆၈ခုနှစ် တပို့တွဲလဆန်း (၁၀)ရက်
၂၇-၁-၂၀၀၇(စနေနေ့)နံနက် (၉)နာရီ

မှတ်ချက်။ ။ သိမ်အလှူရှင်များအား သီးခြားဖိတ်စာမပို့တော့ပါ။

ဓမ္မဒူတတပည့်များ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းခွဲသာခန့်ထားရန်)

ယုဇနစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိသည်။

၁. လက်ထောက်မန်နေဂျာ(စိုက်ပျိုးရေး)	ကျား/မ	(၁၀)ဦး
၂. လက်ထောက်စက်ရုံမှူး	ကျား	(၁)ဦး
၃. အင်ဂျင်နီယာ(စက်မှု/လျှပ်စစ်) **(B.E/B.Tech/A.G.T.I)**	ကျား	(၁၀)ဦး
၄. စိုက်ပျိုးရေးတာဝန်ခံ(ကျွမ်းကျင်)	ကျား/မ	(၁၀)ဦး
၅. စာရင်းစစ်/စာရင်းကိုင် **(B.Com, CPA)/ B.Com)**	ကျား/မ	(၁၀)ဦး
၆. စာရင်းကိုင်**(LCCI Level III)**	ကျား/မ	(၁၀)ဦး
၇. ထွန်စက်မောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၈. ယန္တယားကြီးမောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၉. ယာဉ်မောင်း (ကျွမ်းကျင်)	ကျား	(၁၀)ဦး
၁၀.လုံခြုံရေးဝန်ထမ်း	ကျား	(၅)ဦး
၁၁.စိုက်ပျိုးရေးလုပ်သား(နေ့စား)	ကျား	(၁၀၀)ဦး

အမှတ်စဉ် ၁,၂,၅လျှောက်ထားသူများသည် အသက်(၅၀)ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိသူဖြစ်ရမည်။အင်္ဂလိပ်ဘာသာ ရေး၊ဖတ်၊ပြောနိုင်ရမည်။
အမှတ်စဉ် ၃,၄,၆ လျှောက်ထားသူများသည် အသက်(၄၀)ထက်မကြီးရ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူများဖြစ်ရမည်၊ ဘွဲ့/ဒီပလိုမာတစ်ခု ရရှိပြီးသူဖြစ်ရမည်။
အမှတ်စဉ် ၇,၈,၉ လျှောက်ထားသူများသည် လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ လုပ်ငန်းအလိုက်သင်တန်းဆင်းလက်မှတ်များရှိရမည်။ အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ အသက် (၅၅)နှစ်ထက်မကြီးရ။
အမှတ်စဉ် ၁၀ လျှောက်ထားသူများသည်လုံခြုံရေးတာဝန်ထမ်းဆောင်ဖူးသူများဦးစားပေးပါမည်၊

ရာထူးအားလုံးအတွက် ကျန်းမာသန်စွမ်းပြီး လုပ်ငန်းလုပ်ကိုင်ရန် စိတ်တက်ကြွစွာ ပါဝင်လုပ်ကိုင်လိုသူများဖြစ်ရမည်။ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။

အလုပ်လျှောက်ထားသူများသည် (၁)ဘွဲ့လက်မှတ်၊အောင်လက်မှတ်၊ မိတ္တူမှုရင်း၊ (၂) အလုပ်သမားမှတ်ပုံတင်၊ (၃)အမျိုးသားမှတ်ပုံတင်၊ (၄)ဓာတ်ပုံ ၁ ပုံ၊ (၅) အကျင့်စာရိတ္တကောင်းကြောင်းထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာအတိုင်း(၃၀.၁.၂၀၀၇)ရက်နေ့နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။

ယုဇနကုမ္ပဏီ၊အမှတ်၁၃၀၊တတိယထပ်၊ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၀၇၄၅ / ၅၄၀၇၄၆ / ၅၄၀၇၄၇

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၃ နာရီ ၃၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅နာရီ မိနစ် ၂၀တွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြတို့တက်ရောက်ကြပြီး စာမျက်နှာ ၉ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းတို့ နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)